# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# အဋ္ဌမနေ့မှတ်တမ်း

## ၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်
## (၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ **]**

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဥ် စတင်တော့မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။ **]**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၅၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၈၈.၈၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့်စတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆောင်ရွက် သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ၂၉-၂-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင် သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၃၁ ဦး ရှိပြီး အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) ကြည်း-၅၉၀၂ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးအောင်သန်း သည် သမီးဖြစ်သူ ဆေးကုသမှုခံယူရန်အတွက် ၂၉-၂-၂၀၁၂ ရက်နေ့မှ ၁-၃-၂၀၁၂ ရက်နေ့ထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၂) မောင်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်း သည် နေမကောင်းပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၃) တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ရက်နေ့မှ ၁-၃-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက် အဖြစ်လည်းကောင်း၊

(၄) သံတွဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၅) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်း သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့မှ ၁-၃-၂၀၁၂ ရက်နေ့ထိ ခွင့် ၂ ရက် အဖြစ်လည်းကောင်း၊

(၆) အင်္ဂပူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်စိုး သည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့မှ ၁-၃-၂၀၁၂ ရက်နေ့ထိ ခွင့် ၂ ရက် အဖြစ်လည်းကောင်း၊

(၇) အိမ်မဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဂျိမ်းသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့မှ ၁-၃-၂၀၁၂ ရက်နေ့ထိ ခွင့် ၂ ရက် အဖြစ်လည်းကောင်း၊

(၈) မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းတင် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၉) ချောင်းဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်း သည် မိသားစုကျန်းမာရေးဆောင်ရွက်ရန် ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၁၀) တန့်ဆည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၁၁) ရေဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦး သည် မိသားစုကျန်းမာရေးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၁၂) လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီး သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၁၃) ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၁၄) ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့မှ ၁-၃-၂၀၁၂ ရက်နေ့ထိ ခွင့် ၂ ရက် အဖြစ်လည်းကောင်း၊

(၁၅) ဖျာပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင် သည် ဆေးကုသခံယူရသော မိခင်ကျန်းမာရေးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့မှ ၁-၃-၂၀၁၂ ရက်နေ့ထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၁၆) ဒေးဒရဲမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း သည် ဇနီးဖြစ်သူကျန်းမာရေးဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ် လည်းကောင်း၊

(၁၇) ဖောင်းပြင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး သည် အရေးကြီးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၁၈) စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၁၉) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်း သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ် လည်းကောင်း၊

(၂၀) မိုးကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေး သည် ဇနီးဖြစ်သူ ဆေးကုသရန်အတွက် ၂၉-၂-၂၀၁၂ ရက်နေ့မှ အစည်းအဝေးပြီးဆုံးသည်အထိ ခွင့်အဖြစ် လည်းကောင်း၊

(၂၁) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ကို သည် နေမကောင်းပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့မှ ၁-၃-၂၀၁၂ ရက်နေ့ထိ ခွင့် ၂ ရက် အဖြစ် လည်းကောင်း၊

(၂၂) ညောင်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြိုင် သည် ရှေးဟောင်းယဉ်ကျေးမှုဆိုင်ရာဆွေးနွေးပွဲတက်ရောက်ရန်အတွက် ၂၉-၂-၂၀၁၂ ရက်နေ့မှ ၁-၃-၂၀၁၂ ရက်နေ့အထိ ခွင့် ၂ ရက်အဖြစ်လည်းကောင်း၊

(၂၃) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့် သည် ခွဲစိတ် ကုသခံရသည့် တူအား ပြုစုရန်အတွက် ၂၉-၂-၂၀၁၂ ရက်နေ့မှ အစည်းဝေးပြီးဆုံး သည် အထိလည်းကောင်း၊

(၂၄) မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင် သည် ကိုယ်တိုင် ဆောင်ရွက်ရန်ကိစ္စ ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ် လည်းကောင်း၊

(၂၅) အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး သည် ခြေထောက်ပတ်တီးစည်းထား၍ ဆေးကုသခံနေရပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့မှ အစည်းအဝေးပြီးဆုံးသည်အထိ လည်းကောင်း၊

(၂၆) မင်းပြားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာ သည် ဆရာဝန်၏ ညွှန်ကြားချက်အရ အနားယူရန် ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့မှ ၈-၃-၂၀၁၂ ရက်နေ့ထိ ခွင့် ၉ ရက်အဖြစ်လည်းကောင်း၊

(၂၇) တပ်ကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၂၈) သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၂၉) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိန် သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့အား ခွင့် ၁ ရက် အဖြစ်လည်းကောင်း၊

(၃၀) တွန်းဇံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဟောက်ခန့်မန် သည် ခုတင် ၁၀၀၀ ဆေးရုံတွင် ဆေးကုသခံနေရပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့မှ အစည်းအဝေးပြီးဆုံးသည်အထိ လည်းကောင်း၊

(၃၁) ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် သည် ဇနီးဖြစ်သူနာရေးကိစ္စဆောင်ရွက်ရန် ရှိပါသဖြင့် ၂၉-၂-၂၀၁၂ ရက်နေ့မှ အစည်းအဝေးပြီးဆုံးသည်အထိ လည်းကောင်း ခွင့်အဖြစ် သတ်မှတ်ပေးပါရန် တင်ပြလာပါသည်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များကို ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၃၁ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေ

အနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။ **]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်းနှင့်မှတ်တမ်းတင်ခြင်း

**(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကို၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၂-၂-၂၀၁၂ ရက်မှ ၂၆-၂-၂၀၁၂ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ထပ်တိုးအစီအစဉ်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်မှာ မှတ်တမ်းတင်ရမည့် ကိစ္စနှစ်ခုနှင့်ပတ်သက်ပြီး ထပ်တိုးအစီအစဉ်တစ်ခု တင်ပြရန်ရှိပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကို၏ ဖိတ်ကြားချက်အရ ကျွန်တော် ဦးဆောင်ပြီး အဖွဲ့ဝင် ၁၈ ဦးပါဝင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်မှ ၂၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပါတယ်။ အဲဒီလို သွားရောက်ရာမှာ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကိုနှင့်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအမြဲတမ်းကော်မတီဝင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဥက္ကဋ္ဌ မစ္စတာကျာချင့်လင်နှင့်လည်းကောင်း၊ အမျိုးသားပြည်သူ့ကွန်ဂရက်ဒုတိယဥက္ကဋ္ဌ မစ္စတာလူယွန်ရှောင်နှင့်လည်းကောင်း၊ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးကော်မတီဝင် မစ္စတာလီယွန်ချောင်နှင့်လည်းကောင်း၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချန်ဘင်တေးနှင့်လည်းကောင်း အသီးသီးတွေ့ဆုံခဲ့ပါတယ်။ အဲဒီလိုတွေ့ဆုံဆွေးနွေးရာမှာ ခရီးစဉ်သည်အောင်မြင်မှုအပြည့်အဝရရှိပြီး ဩဇာကြီးမားသော NPC နှင့် မိမိတို့လွှတ်တော်တို့အကြား ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတိုးတက်ခိုင်မာရေးအတွက် ဆောင်ရွက်နိုင်

ခဲ့သလို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူများ အကြား ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ NPC ဥက္ကဋ္ဌ မစ္စတာဝူဘန်ကို ကိုလည်း မိမိတို့နိုင်ငံ၊ မိမိတို့လွှတ်တော်သို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ရန်လည်း ဖိတ်ကြားခဲ့ပါတယ်။ ဒီချစ်ကြည်ရေးခရီးစဉ်ကိုလည်း လွှတ်တော်မှာ မှတ်တမ်းတင်ထားရှိရန် လိုအပ်ပါတယ်။

## (ခ) ခေတ်ပြောင်းစနစ်ပြောင်းချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏တာဝန်များကို တည်ဆဲဥပဒေနှင့်အညီ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ၊ အပြန်အလှန် ထိန်းကျောင်းမှုများဖြင့် မှန်ကန်စွာဆောင်ရွက်နေမှုများ

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်က ထုတ်ပြန်ထားသော တည်ဆဲဥပဒေများအား လေးစားလိုက်နာကြရမှာ ဖြစ်ပါတယ်။ ထိုဥပဒေများထဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်ပင် ခေတ်ပြောင်းစနစ်ပြောင်းခဲ့ပါတယ်။ စနစ်ပြောင်းမှု ( System Change ) ကို အသိတရား၊ သတိတရားများဖြင့် အမှန်တကယ် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ သို့မှသာ နိုင်ငံသားအများစုက အတည်ပြုပြဋ္ဌာန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ အား လေးစားလိုက်နာခြင်းဖြစ်ပါမယ်။ အထူးသဖြင့် မိမိတို့ပြည်သူ့ကိုယ်စားလှယ်များအနေဖြင့် ပိုမိုလေးစားလိုက်နာကြရန် လိုပါတယ်။ ထို့အတူ ပြည်သူ့ကိုယ်စားလှယ်အချင်းချင်းကိုလည်းကောင်း၊ ယှဉ်တွဲဆောင်ရွက်နေကြသော အဖွဲ့အစည်းအသီးသီးအားလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအား မှန်ကန်ညီညွတ်စွာ လိုက်နာရေး၊ စေတနာအမှန်၊ နည်းလမ်းမှန်စွာ လိုက်နာရေးတို့အတွက် သင့်တော်သော နည်းလမ်းများဖြင့် ဆောင်ရွက်နေကြရန် လိုပါတယ်။ မိမိတို့၏တာဝန်အရ ဥပဒေနှင့်အညီဆောင်ရွက်နေမှုများကိုလည်း ဝမ်းမြောက်ဝမ်းသာနားလည်လက်ခံကြပြီး အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်ထိန်းကျောင်းမှုများ ပြုသွားကြရန် လည်းလိုပါမယ်။ ဤခံယူချက်နှင့် အလေ့အကျင့်များဖြင့် ကျင့်စဉ်များကို မှန်ကန်စွာ ဆောင်ရွက်နေသော ကိုယ်စားလှယ်ကြီးများ၏ ဆောင်ရွက်ချက်များအား ဤလွှတ်တော်မှ မှတ်တမ်းတင်သွားမှာ ဖြစ်ပါတယ်။

အထက်ပါတင်ပြချက်နှင့် စပ်လျဉ်းပြီး မှတ်တမ်းတင်နိုင်ရန် လွှတ်တော်ရဲ့ ဆန္ဒရယူလိုပါတယ်-

(က) တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ မစ္စတာဝူဘန်ကို၏ ဖိတ်ကြားချက်အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၂၂-၂-၂၀၁၂ ရက်နေ့မှ ၂၆-၂-၂၀၁၂ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်။

(ခ) ခေတ်ပြောင်းစနစ်ပြောင်းချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ တာဝန်များကို တည်ဆဲဥပဒေနှင့်အညီ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများ၊ အပြန်အလှန်ထိန်းကျောင်းမှုများဖြင့် မှန်ကန်စွာဆောင်ရွက်နေမှုများကို မှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကသဘောတူတဲ့အတွက် အထက်ပါတင်ပြချက်နှစ်ခုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ လွှတ်တော် အစည်းအဝေးများမှာ ပထမတစ်နာရီသည် မေးခွန်းများမေးမြန်း၊ ဖြေကြားရန်ဖြစ်ပါတယ်။ ယနေ့ လုပ်ငန်းလိုအပ်ချက်အရ အစည်းအဝေးကို နေ့လယ်ထမင်းစားချိန်မတိုင်မီ အပြီးဆောင်ရွက်ရန် လည်းရှိပါတယ်။ ဒါကြောင့် မေးမြန်းမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ မေးမြန်းလိုတာကို တိုတိုရှင်းရှင်းသာ မေးမြန်းကြဖို့နဲ့ ဖြေကြားမယ့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကလည်း မလိုလားအပ်ဘဲ ရှည်လျားစွာ ရှင်းလင်းဖြေကြားခြင်းမပြုဘဲ မေးခွန်းလိုအပ်ချက်ကိုသာ အဓိကထားပြီး တိုတိုနဲ့လိုရင်းကိုသာ ဖြေကြားဖို့ ဦးစွာပြောကြားလိုပါတယ်။

### အငြိမ်းစားလစာငွေများ ထုတ်ယူရေးနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်များ အားလုံးကို ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မ ကတော့ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ မေးခွန်းနဲ့ပတ်သက်လို့ ဥက္ကဋ္ဌကြီးက တိုတိုလေးမေးဆိုလို့ တိုတိုလေးနှစ်ခုလောက် ပြောပါရစေ။ တစ်ခုကကျတော့ ကျွန်မအရွေးခံခဲ့တဲ့ ရွေးကောက်ပွဲဝင်ယှဉ်ပြိုင်ခဲ့တဲ့ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ်ဟာ မြန်မာပြည်မှာ အငြိမ်းစားဝန်ထမ်းတွေ အများဆုံးစုဝေးနေထိုင်တဲ့ မြို့နယ် တစ်ခု ဖြစ်ပါတယ်ဆိုတာ နံပါတ်(၁) ပြောလိုပါတယ်။ နံပါတ်(၂)ကကျတော့ အခုအစိုးရကနေပြီးတော့ အငြိမ်းစား ဝန်ထမ်းတွေကို လစာတိုးမြှင့်ပေးတဲ့အချိန်မှာ ဒီအစိုးရက ချထားတဲ့ ဒဂုံမြို့သစ်မြောက်ပိုင်း မှာနေတဲ့ အငြိမ်းစားဝန်ထမ်းတွေရဲ့ အသက်တွေဟာဆိုလို့ရှိရင် ၇၀ တန်းဖြစ်နေတဲ့ အသက်ကြီးတဲ့၊ ကျန်းမာရေးချို့ယွင်းတဲ့ အငြိမ်းစားဝန်ထမ်းတွေဖြစ်ကြောင်းလည်း တင်ပြလိုပါတယ်။ ဒါက အငြိမ်းစား ဝန်ထမ်းတွေ ဘက်ကပါ။ အစကတည်းက နဝတလက်ထက်မှာ လုပ်သက် ၂၀ ပြည့်တဲ့ ဝန်ထမ်းတွေကို ချီးမြှောက်တဲ့အနေနဲ့ အိမ်ရာတွေကို ချပေးပြီးတော့ ကျန်းမာရေး၊ ပညာရေး၊ သစ်တော အစရှိသဖြင့် သတ္တုဆိုပြီးတော့ ဝန်ကြီးဌာနအလိုက်ချပေးတဲ့အတွက်ကြောင့် အစိုးရအပေါ်မှာ သစ္စာရှိစွာ နှစ်ပေါင်း မြောက်မြားစွာနေထိုင်ခဲ့တဲ့ ကျန်းမာရေးချို့ယွင်းတဲ့ အငြိမ်းစားဝန်ထမ်းတွေဆိုတာ အားလုံးခန့်မှန်း မိမှာပါ။ နောက်တစ်ခုက အငြိမ်းစားဝန်ထမ်းကတစ်ပိုင်း၊ ဒုတိယပိုင်းကတော့ မြန်မာပြည်မှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်ခွဲများသည် စီးပွားရေးလုပ်ငန်းမလုပ်ဘဲနဲ့ သာမန် Treasury Office လိုပဲ ငွေသွင်းငွေထုတ် အခြေခံဘဏ်လုပ်ငန်းကို လုပ်ပါတယ်။ ဒါပေမယ့် နှောင့်နှေးကြန့်ကြာစွာလုပ်ကြပါ တယ်။ အဲဒါကို ဘဏ်နဲ့ ဆောင်ရွက်တဲ့သူတွေအားလုံးလည်း သိပြီးဖြစ်မှာပါ။ ကျွန်မရဲ့ နံပါတ်(၁) မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ သက်ကြီးရွယ်အို ကျန်းမာရေးချို့တဲ့နေသော အငြိမ်းစားဝန်ထမ်းများ လစာထုတ်ယူရာတွင် အခက် အခဲများနှင့် နှောင့်နှေးကြန့်ကြာမှုများရှိနေပါသဖြင့် ပိုမို၍ ထိရောက်မြန်ဆန်စွာ ထုတ်ပေးနိုင်မည့် လုပ်ငန်းအစီအစဉ်များ ရှိမရှိ သိလိုပါသည်။ နံပါတ်(၂) မေးခွန်းကကျတော့ အငြိမ်းစားလစာငွေများ ကိုယ်တိုင်ထုတ်ယူခြင်းအပြင် ငွေစုဘဏ်စာရင်း (Saving Account) ကိုလွှဲပြောင်းထည့်သွင်း ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် အကယ်၍ထည့်သွင်းပေးနိုင်ခြင်း မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိလိုပါသည်ဟု မေးမြန်းအပ်ပါသည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး၏ မေးခွန်းများကို ကျွန်တော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းမှ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အတွင်း အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူလူထုများရဲ့ ငွေကြေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနိုင်ရန် မြန်မာ့စီးပွားရေးဘဏ်များကို တစ်နိုင်ငံလုံးမှာဖြန့်ကျက်ဖွဲ့စည်းထားပြီး လုပ်ငန်းများအဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အပါအဝင် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှာ အငြိမ်းစားဝန်ထမ်းများအတွက် အငြိမ်းစားလစာ များထုတ်ပေးလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်မှာ ပင်စင်လစာများ စတင်ထုတ်ပေးခဲ့တဲ့ ၁-၁၀-၁၉၇၂ ခုနှစ်ကပင် စတင်ပြီး သက်ကြီးရွယ်အို ကျန်းမာရေးချို့တဲ့နေသော အငြိမ်းစားဝန်ထမ်း များ လစာများထုတ်ယူရာမှာ အခက်အခဲမရှိစေရေးအတွက် ပင်စင်စားများ ဘဏ်သို့ကိုယ်တိုင် လာရောက်ထုတ်ယူရန်မလိုဘဲ ကိုယ်စားလှယ်လွှဲစာလွှဲအပ်သူအား ကိုယ်စားလှယ်လွှဲစာကို တင်ပြစေ ခြင်းဖြင့် ကိုယ်စားထုတ်ပေးနေတာ ယနေ့အထိဖြစ်ပါတယ်။ ကိုယ်စားလှယ်လွှဲအပ်သည့် ပုံစံစာရွက်ကို လည်း မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများအားလုံးမှာ အခမဲ့ဖြန့်ဝေပေးလျက်ရှိပါတယ်။ အကယ်၍ ကိုယ်စားလှယ်မလွှဲလိုသူ ကျန်းမာရေးချို့တဲ့သော အငြိမ်းစားဝန်ထမ်းများမှ ဘဏ်သို့ တစ်နည်း နည်းဖြင့်အကြောင်းကြားပေးပါက ဘဏ်ခွဲမှတာဝန်ရှိသူဝန်ထမ်းများက လူများကို စေလွှတ်ပြီးတော့ ထုတ်ပေးလျက်ရှိပါတယ်။ အငြိမ်းစားဝန်ထမ်းများ အငြိမ်းစားလစာထုတ်ပေးခြင်းနှင့်ပတ်သက်ပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ပင်စင်လစာပေးတဲ့ရက်ကို ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလမှ ၁၉၈၂ ခုနှစ်၊ ဇူလိုင်လအထိ လမကုန်မီ ၂ ရက်နှုန်းဖြင့်လည်းကောင်း၊ ၁၉၈၂ ခုနှစ်၊ ဩဂုတ်လကနေ ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလအထိ လကုန်ရက်မတိုင်မီ ၃ ရက်နှုန်းဖြင့်လည်းကောင်း၊ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလမှ ယခုအထိ လမကုန်မီ လကုန်ရက်မတိုင်မီ ၇ ရက်နှုန်းဖြင့်လည်းကောင်း ရက်တိုးမြှင့် ပြီး ငွေများကို ထုတ်ပေးဆောင်ရွက်ခဲ့ပါတယ်။ အငြိမ်းစားလစာထုတ်ယူရာမှာ နှောင့်နှေးကြန့်ကြာခြင်း၊

စောင့်စားရခြင်းတို့မရှိရအောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အငြိမ်းစားဝန်ထမ်းများ အငြိမ်းစားလစာထုတ်ယူရာတွင် လစာပေါ်တွင် စိတ်ဝင်စားမှုနည်းခဲ့ပြီး လအတန်ကြာအောင်စုဆောင်း ထုတ်ယူလေ့ရှိပါတယ်။ ယခု အစိုးရသစ်လက်ထက် ပင်စင်လစာတိုးမြှင့်ပေးလိုက်တဲ့အတွက်ကြောင့် ယခင်က လအတန်ကြာအောင်စုပြီးမှ ဘဏ်သို့လာရောက်ထုတ်ယူသူများ ယခုအခါ ဘဏ်သို့လစဉ် လာရောက်ထုတ်ယူတဲ့အနေအထားကို တွေ့ရပါတယ်။ ဒါကြောင့် အငြိမ်းစားလစာထုတ်ယူတဲ့ရက်ကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလမှစပြီးတော့ လမကုန်ခင် ၁၀ ရက်ကြိုတင်ထုတ်ပေးရန် ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်၍ ပင်စင်လစာထုတ်ယူရမယ့်ရက် ပိုလာသည်နှင့်အမျှ အငြိမ်းစားဝန်ထမ်းများ ထုတ်ယူရာမှာ ပိုမိုမြန်ဆန်လာမှာ ဖြစ်ပါတယ်။ ယခုအချိန်အထိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ခွဲမှာ အငြိမ်းစားလစာထုတ်ယူသည့် အငြိမ်းစားဝန်ထမ်း ပေါင်းဟာ ၇၄၂၅ ဦးရှိတဲ့အတွက် ဒီအငြိမ်းစားဝန်ထမ်းများအနေနဲ့ အခုလိုပြင်ဆင်တိုးမြှင့်ပေးလိုက်တဲ့ လမကုန်မီ ၁၀ ရက် ဆိုတဲ့ကာလအတွင်းမှာ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ထုတ်ယူနိုင်မှာဖြစ်တဲ့ အကြောင်း ပထမဦးစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဆက်လက်ပြီး အငြိမ်းစားလစာငွေများ ကိုယ်တိုင်ထုတ်ယူခြင်းအပြင် ငွေစုဘဏ်စာရင်းသို့ လွှဲပြောင်းပေးသွင်းနိုင်ခြင်း ရှိ၊ မရှိဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားလစာများ စတင်ထုတ်ပေးတဲ့ ၁၉၇၂ ခုနှစ်၊ အောက်တိုဘာလမှစ၍ ဘဏ်မှာ ငွေစုဘဏ်စာရင်း သို့မဟုတ် စာရင်းရှင်စာရင်းဖွင့်လှစ်ထားသူများ အားဥပင်းတို့၏ ဆန္ဒရှိပါက စာရင်းလွှဲပြောင်းထည့်သွင်းပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ မိမိ၏ဘဏ်စာရင်းကို လွှဲပြောင်းထည့်နိုင်ပါတယ်။ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် မြန်မာ့စီးပွားရေး ဘဏ်မှလည်း အငြိမ်းစားဝန်ထမ်း ၇၀ ဦး၏ တောင်းဆိုချက်အရ ၎င်းတို့၏ ငွေစုဘဏ်စာရင်းများကို လစဉ်ငွေများလွှဲပြောင်း ထည့်ပေးလျက်ရှိပါတယ်။ ဒါကြောင့် မြန်မာ့စီးပွားရေးဘဏ်ဟာ နိုင်ငံတော် ဘဏ်တစ်ခုဖြစ်တာနဲ့အညီ ဝင်ငွေရရှိရေးကို ပဓာနမထားဘဲ အစိုးရဘဏ်လုပ်ငန်းဆိုင်ရာများကို အဓိကထားပြီး အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝန်ဆောင်မှုများပေးလျက်ရှိပါ ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ အခုလောလောဆယ် မနေ့က ညနေအထိ Saving Account ဖွင့်လို့မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အကြောင်းအရာက Saving စာအုပ်ကို နေပြည်တော်က ပို့မပေးလို့ပါ။ အဲဒါ လွန်ခဲ့တဲ့လပေါင်း မြောက်မြားစွာကတည်း ကပါ။ အဲဒါကြောင့်မို့လို့ ပင်စင်ထုတ်တဲ့နေ့မှာ အိမ်သာကလည်း တစ်လုံးတည်းဖြစ်၊ ထမင်းကလည်း

စာ၊ ရေကလည်းငတ်၊ တစ်နေ့လုံးစောင့်ပြီးတော့ နားနဲ့မနာဖဝါးနဲ့နာပါ။ အကုန်လုံးထွက်ကျကုန်တဲ့ ပြဿနာတွေနဲ့ ကြုံတွေ့နေရတာလည်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်လွှဲစာနဲ့ ထုတ်ခိုင်းမယ်ဆိုတဲ့ အခါကျတော့ ကိုယ်စားလှယ်လွှဲစာလုပ်ပေးတဲ့သူကို လက်ဖက်ရည်ဖိုးပေးရတယ်။ နောက်တစ်ခုက ရပ်ကွက်ထောက်ခံစာတောင်းရတယ်။ ညဘက်ကြီးရပ်ကွက်ရုံးကိုသွား အသက်ကြီးခါကာမှ ရပ်ကွက်ထောက်ခံစာသွားယူ နောက်တစ်ခါ အသက်ရှိကြောင်း ဆရာဝန်ထောက်ခံစာ အဆင့်ဆင့်တွေနဲ့ ခက်ခဲအောင် လုပ်ထားတဲ့အတွက်ကြောင့်မို့လို့ ကိုယ်တိုင်ပဲထုတ်ကြပါတော့မယ်ဆိုပြီးတော့ လာတဲ့အခါကျတော့ မိုးလင်းကမိုးချုပ်စောင့်ရ၊ ရေအိမ်မသန့်ရှင်းတာနဲ့ တစ်နေ့လုံးနေရလို့ အဲဒီနားမှာ Ambulence ကားတောင်ထားဖို့လိုတယ်လို့ ထင်ပါတယ်။ အဲဒီတော့ Saving Account က အခုထက်ထိလုံးဝမဖွင့်နိုင်တာ ဘယ်ကာလမှဖွင့်နိုင်မလဲဆိုတော့ မသိရသေးပါဘူး။ ဘယ်လောက်လပေါင်းမြောက်မြားစွာကြာမှ နေပြည်တော်မှ Saving Account စာအုပ်များရမယ်ဆိုတာ မသိပါဘူး။ မနေ့က ညနေ ရုံးဆင်းတဲ့ အချိန်ထိတော့ မရသေးပါဘူး။ Saving Account ဖွင့်ဖို့အတွက်သွားတဲ့ဝန်ထမ်းပေါ့။ ကျွန်မက ကျန်းမာရေးမှာ လုပ်ခဲ့တာကြောင့် ကျန်းမာရေးဝန်ထမ်းက Saving Account ဖွင့်မယ်ဆိုပြီးသွားတော့ ပုံစံဖြည့်ရမယ်တဲ့။ ပုံစံဖြည့်ဖို့ မှတ်ပုံတင်တွေ၊ လိုအပ်တဲ့စာရွက်စာတမ်းတွေ၊ ပင်စင်စာအုပ်တွေယူသွားတယ်။ ဖြည့်ဖို့ပုံစံပေးတဲ့စာရေးက ထမင်းစားသွားနေတယ်တဲ့။ ဘယ်အချိန်ပြန်လာမှာလဲဆိုတော့ ၂ နာရီခွဲ ဘဏ်ပိတ်တဲ့ အချိန်ကျရင် ပုံစံကဖြည့်လို့မရဘူး။ အဲဒီကိစ္စကဘဏ်ပိတ်သွားရင် လုပ်လို့မရဘူး။ ၂ နာရီသာခွဲရော ပုံစံရောင်းတဲ့ စာရေးပြန်မလာပါဘူး။ အဲဒီတော့ နောက်တစ်နေ့လာလို့ ချိန်းလိုက်ပါတယ်။ နောက် တစ်နေ့ကျတော့ မနက်စောစောသွားတယ်။ စာရေးကိုအုပ်မိပါတယ်။ အဲဒီတော့ ပုံစံတွေဖြည့်တယ်။ တစ်နေ့လုံးကြာတယ်။ ညနေလည်းကျရော Saving စာအုပ်ထုတ်ဖို့အတွက် နောက်အပတ်လာခဲ့ပါလို့ ချိန်းလိုက်တယ်။ အဲဒီတော့ တစ်လနီးပါးရှိသောအခါ Saving စာအုပ်မရှိသည့်အတွက် Saving Account ယနေ့တိုင်မဖွင့်ရသေးပါဘူး။

**ဥက္ကဋ္ဌ**။ ။ဒေါ်တင်နွယ်ဦးမေးတဲ့မေးခွန်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ရှင်းလင်းစွာဖြေကြားပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ တစ်ခါ ဒေါ်တင်နွယ်ဦးက လက်ရှိအခြေအနေပြန်လည်တင်ပြတဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့လည်း လွှတ်တော်မှာတော့ သီးခြားမဆွေးနွေးတော့ဘဲနဲ့ သက်ဆိုင်ရာဝန်ကြီးက လိုအပ်သလိုစိစစ်ပြီးတော့ အဆင်ပြေအောင်သာ ဆောင်ရွက်ပေးဖို့ မိမိအနေနဲ့ ပြောကြားလိုပါတယ်။

## Fax ဖြင့် အမြန်ငွေပို့ငွေလွှဲစနစ် ထားရှိရန်နှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဂျီဖုန်ဆားရ်(နောင်မွန်းမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ နောင်မွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂျီဖုန်ဆားရ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နောင်မွန်းမြို့နယ်ဟာ ကချင်ပြည်နယ်ရဲ့ မြောက်ဘက်စွန်းမှာတည်ရှိပြီးတော့ လမ်းပန်းဆက်သွယ်ရေးလည်းပဲ ခက်ခဲနေသေးတဲ့ မြို့နယ်ဖြစ်ပါတယ်။ ဒါပေမယ့်လို့ ၂၀၀၉-၂၀၁၀ မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများနဲ့ မိုဘိုင်းဆက်သွယ်ရေးစနစ်တပ်ဆင်ထားပေးခဲ့တဲ့အတွက်ကြောင့် ဆက်သွယ်ရေးလုပ်ငန်းမှာ များစွာပဲ အဆင်ပြေလာခဲ့ပါတယ်။ နောင်မွန်းမြို့နယ်မှ ပန်နန်းဒင်မြို့နယ်ခွဲ၊ ခေါင်လန်ဖူးမြို့နယ်၊ နောင်မွန်းမြို့နယ် မြို့နယ် ၃ မြို့နယ်ရဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ လစာနှင့်စရိတ်ကို ထုတ်ပေးနိုင်တဲ့ဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်ရှိပါတယ်။ ငွေတိုက်လည်းပဲရှိပါတယ်။ ဒါပေမယ့်လို့ ငွေလွှဲငွေပို့ကိစ္စများကို ဆောင်ရွက်တဲ့နေရာမှာ အမြန်ချောစာပို့တဲ့လုပ်ငန်းပုံစံနဲ့ပဲ သွားနေကြတဲ့အတွက်ကြောင့် မလိုလားအပ်ဘဲ နှောင့်နှေးကြန့်ကြာမှုများအများကြီးရှိပါတယ်။ ဒါကြောင့် နောင်မွန်းမြို့နယ်မှာ မိုဘိုင်းဆက်သွယ်ရေးစနစ်လည်းပဲရှိနေပြီဖြစ်တဲ့အတွက်ကြောင့် နောင်မွန်းမြို့နယ်မှာရှိတဲ့ မြန်မာ့စီးပွားရေးဘဏ်မှ Fax နဲ့ အမြန်ငွေပို့ငွေလွှဲစနစ်ထားရှိပေးရန် သက်ဆိုင်ရာမှ အစီအစဉ် ရှိ၊ မရှိ ဆိုတာကို သိရှိလိုပါ၍ လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖို့ဖြစ်ပါတယ်။

### ဖြေကြားချက်

**ဦးလှထွန်း(ပြည်ထောင်စုဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နောင်မွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂျီဖုန်ဆားရ်ရဲ့ နောင်မွန်းမြို့နယ်မှာ Fax ဖြင့် အမြန်ငွေပို့ငွေလွှဲစနစ်ထားရှိပေးရန် အစီအစဉ် ရှိ၊ မရှိသိလိုကြောင်း မေးမြန်းချက်ကို ကျွန်တော့်အနေနဲ့ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်အတွင်းအစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများရဲ့ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရန် နိုင်ငံတော်အစိုးရပိုင်ဘဏ်တစ်ခုဖြစ်တဲ့ မြန်မာ့စီးပွားရေးဘဏ်ကို တစ်နိုင်ငံလုံးမှာ ဖြန့်ကျက်ပြီး

ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ မိမိမှာရှိတဲ့ ဝန်ထမ်းအင်အားအခြေအနေ၊ နယ်မြေဒေသအခြေအနေနဲ့လူဦးရေ၊ ဒေသရဲ့အစိုးရဌာန အဖွဲ့တည်ရှိမှု၊ အခြေခံအဆောက်အအုံများအခြေအနေ၊ နယ်မြေဒေသလုံခြုံမှု၊ လမ်းပန်း ဆက်သွယ်ရေးကောင်းမွန်မှု၊ စီးပွားရေးအလားအလာစတဲ့ အခြေအနေအရပ်ရပ်ကို အသေးစိတ် တွက်ချက်ပြီး နယ်မြေဒေသနဲ့ လျော်ညီတဲ့ မြန်မာ့စီးပွားရေးဘဏ်များကို ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ဒီလို ဖွင့်လှစ်တဲ့နေရာမှာ နယ်မြေဒေသဖွံ့ဖြိုးရေးကို အဓိကထားစဥ်းစားတာဖြစ်ပြီး အမြတ်အစွန်း ရရှိရေးကို အဓိကထားစဥ်းစား ဖွင့်လှစ်ခြင်းမဟုတ်ပါဘူး။ မြန်မာ့စီးပွားရေးဘဏ်မှာ စီမံအုပ်ချုပ်ရေး အတွက် ရုံးချုပ်အပါအဝင် ဌာနကြီး ၆ ခု၊ တိုင်းဒေသကြီး/ပြည်နယ်ရုံး ၁၄ ရုံး၊ ပြည်သူနဲ့ထိတွေ့ပြီး ဝန်ဆောင်မှုပေးဖို့အတွက် ခရိုင်ဘဏ်ခွဲအဆင့် ၇၄ ဘဏ်၊ မြို့နယ်ဘဏ်ခွဲ ၂၀၃ ဘဏ်၊ ဘဏ် ငွေတိုက်ခွဲ အဆင့် ၁၉ ဘဏ်နဲ့ ငွေစုဘဏ်ရုံးခွဲ ၁၀ ရုံး၊ စုစုပေါင်း ၃၂၆ ခုနဲ့ ငွေကြေးဝန်ဆောင်မှုများ ပေးလျက်ရှိပါတယ်။ နယ်မြေဒေသအခြေအနေ၊ လုံခြုံရေးအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေနဲ့ လုပ်ငန်းပမာဏတို့ကို အခြေခံပြီး နယ်မြေနှင့်ဒေသ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှာ ဘဏ်ငွေတိုက်ခွဲ ၁၉ ခု ဖွင့်လှစ်ထားတဲ့အနက် နောင်မွန်းဘဏ်ငွေတိုက်ခွဲဟာလည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဘဏ်ငွေတိုက်ခွဲများကို အုပ်စု (က) နှင့် (ခ) ဆိုပြီး ၂ မျိုးခွဲထားပါတယ်။ နောင်မွန်း ဘဏ်ငွေတိုက်ခွဲဟာ အုပ်စု(ခ)မှာပါဝင်ပါတယ်။ ဒီလိုအုပ်စုခွဲထားရတဲ့အကြောင်းအရင်းဟာ ငွေကြေး သယ်ယူပို့ဆောင်ရာမှာ နယ်မြေဒေသ လုံခြုံရေးအခြေအနေ တစ်ကြိမ်လျှင် ဘဏ္ဍာငွေသယ်ယူ ပို့ဆောင်မှု ပမာဏနှင့် ငွေတိုက်အတွင်း ဘဏ္ဍာငွေများထားရှိပိုင်ခွင့်ပမာဏတို့အပေါ်မှာ မူတည်ပြီး ခွဲခြားသတ်မှတ်ခြင်းဖြစ်ပါတယ်။ (က) အုပ်စုဝင် ငွေတိုက်များသို့ အများပြည်သူက လွှဲပို့ငွေ တစ်ကြိမ်လျှင် ၂ သိန်းအထိ လွှဲပို့ခွင့်ပြုထားပြီး (ခ) အုပ်စုဝင်ငွေတိုက်များကိုတော့ လွှဲပို့လျှင် တစ်ကြိမ်လျှင် ၁ သိန်းအထိသာ ခွင့်ပြုထားပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ငွေတိုက်ခွဲများမှာ ငွေစုဘဏ်အပ်ငွေများဆောင်ရွက်ပေးခြင်း၊ အစိုးရဌာနဆိုင်ရာစာရင်းများ ထိန်းသိမ်းဆောင်ရွက်ခြင်း၊ အငြိမ်းစားလစာများထုတ်ပေးခြင်းနှင့် ငွေလွှဲလုပ်ငန်းများကိုဆောင်ရွက်ပေးခြင်းတို့ လုပ်ဆောင် ပေးရပါတယ်။ ငွေလွှဲလုပ်ငန်းမှာ Fax ဖြင့်ငွေလွှဲခြင်း၊ ကြေးနန်းဖြင့်ငွေလွှဲခြင်း၊ ငွေလွှဲလက်မှတ်ဖြင့် ငွေလွှဲခြင်း ၃ မျိုးနဲ့ ငွေတိုက်ခွဲများမှာ ငွေလွှဲလက်မှတ် တစ်ခုတည်းနဲ့သာ ငွေလွှဲလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ငွေလွှဲလက်မှတ်ငွေလွှဲပေးမှုမှာ (ခ)အဆင့်ငွေတိုက်ခွဲများအတွက် တစ်ကြိမ်လျှင် ၁ သိန်းအထိ ကန့်သတ်ခွင့်ပြုထားပါတယ်။ နောင်မွန်းမြို့နယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ်ကြီးက နောင်မွန်းမြို့နယ်မှ Fax ဖြင့်အမြန်ငွေပို့စနစ်ထားရှိရန် အစီအစဉ်နဲ့ ပတ်သက်ပြီးမေးမြန်းချက်အရ နောင်မွန်းမြို့နယ်မှာ ၂၀၁၀ ပြည့်နှစ်မှစပြီး မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ မိုဘိုင်းဖုန်းစနစ်တပ်ဆင်ပေးခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် ဆက်သွယ်ရေးမှာ ယခင်က ထက်များစွာ အဆင်ပြေလာကြောင်း သိရှိရပါတယ်။ Fax ဖြင့် ငွေလွှဲလုပ်ငန်း ဆောင်ရွက်ရန် အတွက်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ နောင်မွန်း ငွေတိုက်ခွဲမှာ မြန်မာ့စီးပွားရေးဘဏ်က CDMA မိုဘိုင်းဖုန်းတစ်လုံး တပ်ဆင်ထားပေးပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ငွေလွှဲပို့ခြင်း၊ လက်ခံခြင်းတို့ကို Fax စနစ်ဖြင့် ဆောင်ရွက်ပေးသွားဖို့ စီစဉ်ထားပြီး ဖြစ်ပါတယ်။ ဒါကြောင့် နောင်မွန်းဒေသတစ်ဝိုက်မှ ဒေသခံပြည်သူများဟာ တခြားမြို့ကြီးများကို သွားရောက်ပညာသင်ကြားနေသော မိမိတို့ရဲ့သားသမီးများထံ ငွေလွှဲပေးပို့နိုင်ခြင်း၊ အခြားသော လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအတွက် အခြားမြို့များသို့ ငွေလွှဲပေးပို့ခြင်းတို့ကို လျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်။ ဒီလို Fax ဖြင့် ငွေလွှဲခြင်းကို စီမံဆောင်ရွက် ပေးသွားမှာဖြစ်တဲ့ နောင်မွန်းငွေတိုက်ခွဲရဲ့ လက်ရှိအခြေအနေအရ ငွေကြေးလက်ကျန်ထားရှိခွင့်နှင့် ဘဏ္ဍာငွေ သယ်ဆောင်ခြင်းတို့အပေါ် မူတည်ပြီးတော့မှ နောင်မွန်းဘဏ်ခွဲငွေတိုက်ကနေပြီးတော့ အခြားမြန်မာ့ စီးပွားရေးဘဏ်ခွဲများသို့ Fax ဖြင့်ငွေလွှဲပေးပို့မှုကိုသာ အကန့်အသတ်မရှိ လွှဲပို့နိုင်မှာဖြစ်ပြီး နောင်မွန်းဘဏ်ခွဲသို့ ငွေပေးပို့တဲ့နေရာမှာတော့ ယခင်အတိုင်း တစ်ကြိမ်လျှင် ၁ သိန်းအထိ ကန့်သတ် ဆောင်ရွက်ပေးနေဆဲဖြစ်ပါတယ်။ ဒါလည်းပဲ နောက်တစ်ချိန်မှာ ထပ်မံပြီးတော့ ငွေကြေးလက်ကျန်ကို ဖြည့်တင်းဆောင်ရွက်ပေးနိုင်တဲ့အပေါ်မှာ မူတည်ပြီးတော့ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့ စီစဉ်ထားပါတယ်။ သို့အတွက်ကြောင့် ငွေကြေးသေတ္တာလက်ကျန် ကန့်သတ်ထားရှိမှုကို တိုးမြှင့်ပြီးတဲ့နောက်ပိုင်းမှာ ငွေကြေးဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ တစ်ဆင့်ထက်တစ်ဆင့်တိုးမြှင့်ပြီး နောင်မွန်းဘဏ် ငွေတိုက်ခွဲ ရဲ့ ငွေလွှဲလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြန်လည် ရှင်းလင်းဖြေကြား အပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဘုန်းတော်တိုးရပ်ကွက် စည်ပင်သာယာနယ်နိမိတ်သတ်မှတ်ခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကိုကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်ကိုယ်စား တာဝန်ပေးထားတဲ့သူမှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့ကိုယ်စား မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဦးကိုကြီး မေးမြန်းတဲ့ မေးခွန်းကတော့ ဘုန်းတော်တိုးရပ်ကွက် စည်ပင်သာယာနယ်နိမိတ် သတ်မှတ်ခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ကြဘာသံများ)

[ဦးကိုကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်ကိုယ်စား ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ ဦးကိုကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ မေးသွားတဲ့မေးခွန်းအတိုချုပ်မှာ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်သည် မန္တလေးမြို့ Down Town ဧရိယာအတွင်းတည်ရှိသော ရပ်ကွက်ကြီးတစ်ခုဖြစ်သော်လည်း ကန်တော်မင်တပ်မြို့စည်ပင်သာယာနယ်နိမိတ်အဖြစ်သတ်မှတ်ထားသော ရပ်ကွက်ဖြစ်၍ ရပ်ကွက်နေလုပ်သားပြည်သူများ၏ အခိကအခက်အခဲမှာ မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ဂရန်လျှောက်ထားခွင့်မရှိဘဲနေထိုင်နေကြရပါသဖြင့် ဘုန်းတော်တိုးရပ်ကွက်နေ ပြည်သူလူထုတစ်ရပ်လုံး၏ဆန္ဒအရ ပြောင်းလဲလာသောခေတ်စနစ်နှင့်အညီ ဘုန်းတော်တိုးရပ်ကွက်အား ကန်တော်မင်တပ်မြို့စည်ပင်သာယာမှ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်သို့ ပြောင်းလဲသတ်မှတ်ပေးပါရန်နှင့် ပြည်ထောင်စုအစိုးရမှသာ ဆောင်ရွက်ပေးနိုင်သော အခြေအနေရှိသည်ဟုသိရပါ၍ ဆောင်ရွက်ပေးနိုင်ပါရန်အစီအစဉ်ရှိ၊ မရှိသိလိုပါသည်ဟုမေးမြန်းတင်ပြထားပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးရဲ့မေးခွန်းကို ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုကဖြေကြားသွားမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်မှာရှိတဲ့ ဘုန်းတော်တိုးရပ်ကွက်ဟာ တပ်မြို့စည်ပင်သာယာနယ်နိမိတ် ကန်တော်မင်ဧရိယာထဲမှာပါတာမှန်ကန်ပါတယ်။ ဒီရပ်ကွက်ရဲ့အကျယ်အဝန်းဟာ ၁၀၃၆

ဧက ကျယ်ဝန်းပါတယ်။ တပ်မြို့စည်ပင်သာယာရေးနယ်နိမိတ် ကန်တော်မင်အတွင်းမှာတော့ ဒီရပ်ကွက်အနေနဲ့မြေဧရိယာ ၃၇.၃၇ ဧကပေါ်မှာရှိတဲ့ကွင်းအမှတ် ၄၈၁၊ အကွက်အမှတ် ၄၁၊ ၄၂၊ ၄၃ မှာရှိပြီးတော့မှ အများပြည်သူနေထိုင်တဲ့ရပ်ကွက်ဖြစ်ပါတယ်။ လူနေအဆောက်အအုံများ ဆောက်လုပ်ပြီးတော့ နေထိုင်လျက်ရှိတဲ့နေရာမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့စာရင်းအရ အိမ်ခြေ ၄၈၉ အိမ်၊ အိမ်ထောင်စု ၆၀၇ စုနှင့် လူဦးရေပေါင်းဟာ ၃၂၃၇ ဦးနေထိုင်ကြောင်းသိရပါတယ်။ ကျွန်တော်တို့ ဘုန်းတော်တိုးရပ်ကွက်ရဲ့ စည်ပင်သာယာရေးလုပ်ငန်းတွေကိုတော့ တပ်မြို့စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါတယ်။ တပ်မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းမှာ ပြည်သူအများနေထိုင်ကြတဲ့အကွက်အမှတ် ၄၁၊ ၄၂၊ ၄၃ တို့ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နယ်နိမိတ်အဖြစ် ပြောင်းလဲသတ်မှတ်ပေးနိုင်ရေးမှာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်ပါတယ်။ ထိုသို့ပြောင်းလဲသတ်မှတ်နိုင်ဖို့က ကာကွယ်ရေးဝန်ကြီးဌာနရဲ့ သဘောထားကိုရယူပြီးတော့မှ ဆောင်ရွက်ရမှာဖြစ်လို့ ကာကွယ်ရေးဝန်ကြီးဌာနရဲ့သဘောထားရရှိတဲ့အခါမှာ တပ်မြေမှအပ ပြည်သူအများနေထိုင်ရာ မြေကွက်ကို အစိုးရစီမံခန့်ခွဲတဲ့ မြေအဖြစ်ကြေညာပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ မြေယာစီမံခန့်ခွဲပိုင်ခွင့် လွှဲပြောင်းပေးသွားရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကနေပြီးတော့မှ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့က ထုတ်ပြန်ပေးပြီးဖြစ်ပါတယ်။ ဒါကြောင့် မန္တလေးမြို့တော်ရဲ့ မြေယာစီမံခန့်ခွဲမှုကို ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနက စီမံခန့်ခွဲခြင်းမရှိတော့တဲ့အတွက် အခုလိုဘုန်းတော်တိုးရပ်ကွက် အများပြည်သူနေထိုင်ကြတဲ့အကွက်အမှတ် ၄၁၊ ၄၂၊ ၄၃ တို့ကို စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ်ပြောင်းလဲပေးနိုင်ရေးကိစ္စကတော့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မြေနုကျွန်းပြဿနာနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းငွေ၊ မြောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားပြီးတက်ရောက်လာကြတဲ့ ဧည့်သည်တော်များ

အားလုံးမင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြို့နယ်အတွင်းမှာရင်ဆိုင်နေရတဲ့ မြေနုကျွန်းပြဿနာကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့မိန့်ကြားချက်အရ တိုတိုမေးရမှာဖြစ်ပေမယ့် ကျွန်တော်မေးမယ့် မြေနုကျွန်းပြဿနာဟာ ဒေသတိုင်းမှာဖြစ်ပေါ်နေတဲ့အနေအထားတင်မကဘဲနဲ့ လောလောဆယ်ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုဖို့ရေးဆွဲနေတဲ့ မြေယာဥပဒေမှာလည်း ဒီလိုကိစ္စမျိုးကို ထည့်သွင်းစဥ်းစားနိုင်အောင် ကျွန်တော်အနည်းငယ်တင်ပြလိုပါတယ်။ ကျွန်တော်တို့ မြောင်မြို့နယ်ဟာ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်နှစ်သွယ်ကြားမှာရှိတာဆိုတော့ မြစ်ကမ်းနဖူးမှာရှိတဲ့ ကျေးရွာအားလုံးဟာမြေနုကျွန်းပြဿနာနဲ့တစ်နည်းမဟုတ်တစ်နည်း ရင်ဆိုင်နေရတာရှိပါတယ်။ တစ်ခါပြန်ကြည့်ရင်လည်း တိုင်းသုံးတိုင်းဆုံရာဖြစ်တဲ့ တစ်ချိန်ကလေးကိုင်းကွေ့လို့ခေါ်တဲ့ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းသုံးတိုင်းဆုံတဲ့အဆုံမှာလည်း ကျွန်တော်တို့မြို့နယ်က တည်ရှိနေတာဖြစ်ပါတယ်။ ဒီဘက်မှာ ဧရာဝတီဘက်မှာဖြစ်ရင်မန္တလေးတိုင်းနဲ့ဖြစ်၊ ချင်းတွင်းဘက်မှာဖြစ်ရင် မကွေးတိုင်းနဲ့ဖြစ် အဲ့ဒီတော့ ဖြစ်လာတဲ့ ပြဿနာအပေါ်မှာ ခေတ်အဆက်ဆက်ကတော့ သူ့နည်းသူ့ဟန်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတွေနဲ့ဖြေရှင်းခဲ့ကြတာဖြစ်ပါတယ်။ ဒါပေမယ့်လို့ ၂၀၀၇ ခုနှစ်ရောက်တဲ့အခါမှာပေါ်တဲ့ ပြဿနာကကျွန်တော်တို့ မြောင်မြို့နယ်နှင့် ငါန်းဇွန်မြို့နယ်ဟာ တစ်ချိန်ကတစ်တိုင်းတည်းမှာရှိတုန်းကတော့စီမံခန့်ခွဲမှုတစ်ခုတည်းအောက်၊ အုပ်ချုပ်မှုတစ်ခုတည်းအောက်မှာပြေလည်ခဲ့ကြပေမယ့် ၂၀၀၇ ခုနှစ်ရောက်တဲ့အခါမှာ ငါန်းဇွန်က မန္တလေးတိုင်းအောက်ရောက်သွားပြီး မြေနုကျွန်းပြဿနာစဖြစ်တာဖြစ်ပါတယ်။ အဲ့တော့ ဖြစ်ရပ်အခြေအနေအပြည့်အစုံကိုလည်း ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးထံ မြေပုံ၊ မြေညွှန်း၊ မြေပုံညွှန်း၊ စာညွှန်း၊ ဓာတ်ပုံများနှင့်တကွမှတ်တမ်းမှတ်ရာအပြည့်အစုံစာဖြင့် တင်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။ အဲ့ဒီဖြစ်ခဲ့တဲ့ ပြဿနာမှာ နှစ်ဖက်တောင်သူများထိန်းသိမ်းမရဖြစ်ပြီးတော့ တိုင်းအဆင့်ကနေဆင်းပြီး လုံခြုံရေးတွေချပြီး အဓိကရုန်းဆန်ဆန်ဖြစ်လို့ ထိန်းခဲ့ရတဲ့အနေအထားမှာ အဆုံးအဖြတ်ပေးဖို့ကိစ္စကျတော့ တိုင်းနှစ်တိုင်းခြားနေတာဆိုတော့ ဗဟိုအဆင့်ကပဲ အဆုံးအဖြတ်ပေးမှရမှာ ဖြစ်ပါတယ်။ ဆုံးဖြတ်တဲ့အခါမှာလည်းယခင်ကဆုံးဖြတ်ခဲ့ကြတာက မြေနုကျွန်းဆိုရင်ဖြတ်တန်း၊ တစ်နည်းပြောရင် မျှော်မှန်းလမ်းကြောင်း၊အမာခံဘယ်သစ်ပင်နှင့် ဘယ်သစ်ပင်၊ ဘယ်ဘုရားနှင့် ဘယ်ဘုရား၊ ဒါမျှော်မှန်းလမ်းကြောင်းချပြီးတော့ မြေကိုခွဲခဲ့ကြတာဖြစ်ပေမယ်လို့ အခု ၂၀၀၇ ခုနှစ်မှာ ပေါ်ခဲ့တဲ့ပြဿနာကျတော့ ဗဟိုထိ

တက်သွားပြီး မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်တိုင်ဆင်းပြီး တိုင်းနယ်ခြား နယ်နိမိတ် အတိုင်းခွဲရမယ်ဆိုပြီး ဆင်းလာပါတယ်။ ဆင်းလာလို့ နှစ်ဖက်တောင်သူများဟာ လူကြီးတွေဆုံးဖြတ်တဲ့ အတိုင်းလက်ခံမယ်ဆိုပြီး နေလိုက်တဲ့အခါမှာ ကျိုကုန်းနဲ့ ဖြစ်တဲ့နေရာကိုပဲ တိုင်းနယ်ခြားလုပ်သွား ပြီးတော့ တစ်ဖက်က ငမြောကြီးနဲ့ ဖြစ်တဲ့နေရာကျတော့ တိုင်းနယ်ခြား မဟုတ်ဘူး။ အရင်တုန်းက ၂၀၀၇ ခုနှစ်တုန်းကဖြတ်တန်းအတိုင်း လုပ်ဆိုပြီးတော့ နှစ်နည်းဖြတ်သွားတဲ့ အခါ ကျွန်တော်တို့ မြောင်မြို့နယ်က ရွှေပေါက်ပင်ကျေးရွာက တောင်သူတွေဟာ တိုင်းနယ်ခြားနဲ့ ဖြတ်လိုက်တော့ ဧက ၂၀၀ ကျော်လောက်နစ်နာခဲ့ပါတယ်။ တစ်ဖက်က ငမြောကြီးဘက်မှာ တိုင်းနယ်ခြားနဲ့ ဆက်ဖြတ်ရင် ဧက ၁၃၀ လောက်ပြန်ရနိုင်သေးပေမယ့်။ အဲ့ဒီဘက်ကျတော့ အရင်ဖြတ်ထားတဲ့ ၂၀၀၇ ခုနှစ်ကဖြတ်တန်း အတိုင်းလုပ်ပါဆိုတော့ ကျွန်တော်တို့ဆီက ''မိအေး နှစ်ခါနာ'' ဖြစ်ခဲ့ရပါတယ်။ အဲ့တော့ ဒီအပေါ်မှာ နောက်တဖန် ထပ်ပြီးတော့အဓိကရုန်းမဖြစ်အောင် တောင်သူတွေကို ကျွန်တော်တို့ လူကြီးတွေကို တင်ပြထားပါတယ်။ စိတ်ရှည်ရှည်သည်းခံကြပါ။ နှစ်ဖက်လုံးကိုလည်း အကုန်လုံးညှိနှိုင်းနေပါတယ်။ ဒီလိုထိန်းခဲ့ရတာ ဒီနေ့အထိဖြစ်ပါတယ်။ ဒီလိုကိစ္စမျိုးကို နောက်နောင်မဖြစ်အောင် ကျွန်တော်တို့က မူတစ်ခုနဲ့ တိတိကျကျ သတ်မှတ်ပြဋ္ဌာန်း ပေးမှသာ တောင်သူတွေကို စည်းကမ်းတကျထိန်းသိမ်းနိုင်မှာ ဖြစ်တဲ့အတွက် ကျွန်တော် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စု လွှတ်တော်ကနေပြီးတော့ မြေယာဥပဒေသစ် ပြဋ္ဌာန်းအတည်မပြုနိုင်သေးမီကာလအတွင်းမှာ တည်ဆဲ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ အဆိုပါ မြေနုကျွန်း ပြဿနာကို တိကျပြတ်သားတဲ့ ဆုံးဖြတ်ချက် ချမှတ်ပေးနိုင်ပါရန် သက်ဆိုင်ရာကအစီအစဉ်ရှိ၊ မရှိ သိလိုပါကြောင်းနှင့် အစီအစဉ်ရှိပါက ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာကို သိရှိလိုပါကြောင်း ဒေသခံမဲဆန္ဒရှင် တောင်သူလယ်သမားများရဲ့ ကိုယ်စားမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို(ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေရဲ့မေးခွန်းကို ကျွန်တော်ကပဲ ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ရွှေပေါက်ပင်ကျေးရွာနှင့် မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ ကျီကုန်းကျေးရွာတို့မှာရှိတဲ့ ရွာသူရွာသားတွေဟာ ဧရာဝတီမြစ်ကြီးရဲ့ မြေနုကျွန်းပေါ်မှာ စိုက်ပျိုးလုပ်ကိုင်မှုနှင့် ပတ်သက်ပြီး ၂၀၀၇ ခုနှစ်ကစပြီးတော့ အငြင်းပွားမှုတွေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒီလို ဖြစ်ပေါ်လာတာ ကလည်း ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသွားသလိုပဲ ငါန်းဇွန်မြို့နယ်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မန္တလေးတိုင်းဒေသကြီးအတွင်းသို့ လွှဲပြောင်းဖွဲ့စည်းပေးခဲ့တဲ့ကာလဖြစ်ပါတယ်။ ဒီလိုအငြင်းပွားရာကနေပြီးတော့မှ နှစ်ဖက်တောင်သူတွေကြားမှာ အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ပွားကြလို့ ထိခိုက်ဒဏ်ရာရမှုလည်းရှိတဲ့အတွက် သက်ဆိုင်ရာအာဏာပိုင်တွေကလည်း ဖြေရှင်းထိန်းသိမ်းပေးခဲ့ရတာတွေရှိခဲ့ပါတယ်။ ဒီလို မြေနုကျွန်းအငြင်းပွားမှုကြောင့် ၂၉-၁၀-၂၀၀၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်တို့က ယခင်က ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့ကဦးဆောင်ပြီး ခရိုင်မြေစာရင်းဦးစီးဌာနတွေ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ မြို့နယ်မြေစာရင်းဦးစီးမှူးတွေနဲ့ သက်ဆိုင်ရာကျေးရွာတွေရဲ့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ တောင်သူတွေပါတဲ့အဖွဲ့ဟာ ကွင်းဆင်းစစ်ဆေးပြီးတော့ တစ်ဖက်နဲ့တစ်ဖက် ကျူးကျော်ထွန်ယက်မှုမရှိစေရေး၊ မြေနုကျွန်းအငြင်းပွားမှုမရှိစေရေး၊ အငြင်းပွားမှုတွေထပ်မံပြီးတော့မှ ပဋိပက္ခမဖြစ်ရေးအတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရပါတယ်။ ၁၉၇၁ ခုနှစ်မှာ သတ်မှတ်ထားတဲ့ ဖြတ်မျဉ်း၊ အမျှော်လိုင်းဟာ ယာယီနယ်နိမိတ်အဖြစ်သတ်မှတ်လုပ်ကိုင်ရန် ဒီဖြတ်မျဉ်းမှာ အငြင်းပွားမှုဖြစ်တဲ့ ဦးကျော်နှင့် ဦးဇော်လွင်ဦးတို့ကို နယ်ခြားနယ်နိမိတ်အဖြစ် ယာယီသတ်မှတ်ပေးရန်၊ အငြင်းပွားတဲ့နေရာကို ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် နေ့မှစပြီး ဝင်ရောက်လုပ်ကိုင်ခွင့်ရသူက ဆက်လက်လုပ်ကိုင်ပြီးတော့မှ သီးနှံရိတ်သိမ်းခွင့်ရရန်၊ နောင်တွင် မြေစာရင်းဦးစီးဌာနရုံးချုပ်နှင့် မြေတိုင်းအဖွဲ့တို့က ကွင်းဆင်းတိုင်းတာဖော်ထုတ်တဲ့ နယ်နိမိတ်အတိုင်းသတ်မှတ်ရန်ဆိုပြီး အဲ့ဒီတုန်းက ဆောင်ရွက်ခဲ့တာ ရှိပါတယ်။ ဒီလိုသတ်မှတ်ဆောင်ရွက်တဲ့နေရာမှာ တာဝန်ရှိသူတွေကယာယီ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပေမယ့်လည်း ၂၀၀၉ ခုနှစ်၊ ဧပြီလနှင့် မေလတွေမှာ မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာ

တောင်သူတွေနဲ့ ငါန်းဇွန်မြို့နယ် ကျိုကုန်းကျေးရွာကတောင်သူတွေဟာ ယာယီသတ်မှတ်ထားတဲ့ ၁၉၇၁ ခုနှစ်က အမျှော်လိုင်းနယ်နိမိတ်ကို ကျူးကျော်ပြီးတော့မှ ဝင်ရောက်လုပ်ကိုင်ခဲ့တဲ့ အတွက်လည်း နှစ်ဖက်တာဝန်ရှိသူတွေက ဖြေရှင်းဆောင်ရွက်ပေးခဲ့ရတာလည်း ရှိပါတယ်။ ဒါ့အပြင် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)က ဖွဲ့စည်းပေးခဲ့တဲ့ခရိုင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနကတာဝန် ရှိသူတွေ အဖွဲ့နဲ့ ၂၀၀၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှာ ပီ ၆ မှ ပီ ၂၂ အထိ နယ်နိမိတ်မှတ်တိုင်တွေကို GPS အသုံးပြုပြီး ပြန်လည်ရှာဖွေစိုက်ထူပေးခဲ့ပြီးတော့ မြေနု၊ မြေရင့်ခွဲခြားမှတ်ပုံတင်ခြင်း၊ တောင်သူ တွေလုပ်ကိုင်တဲ့ မြေဧရိယာတွေကို တိုင်းတာပေးခဲ့ခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလိုခရိုင်၊ မြို့နယ်၊ ကျေးရွာတာဝန်ရှိသူတွေပါတဲ့ နယ်နိမိတ်ခွဲခြားသတ်မှတ်ခဲ့ပေမယ့်လည်း ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့မှာ တစ်ခါထပ်ပြီးတော့ ဒီရွာတွေမှာ အငြင်းပွားမှုတွေ ဖြစ်တဲ့အတွက် တာဝန်ရှိသူတွေကထိန်းသိမ်းခဲ့ရကြောင်းသိရှိခဲ့ရပါတယ်။ ဒီလို အကြိမ်ကြိမ်အငြင်းပွားမှုကြောင့် သက်ဆိုင်ရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့က ညှိနှိုင်းပေးခြင်း၊ မြေတိုင်းတာ ပေးခြင်းကိစ္စရပ်တွေကို အုပ်ချုပ်ရေး နည်းလမ်းအရအကြိမ်ကြိမ်ဆောင်ရွက်ပေးခဲ့ရာမှ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်)ကလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီအငြင်းပွားမှုဖြစ်နေတဲ့ ပီ ၆ မှ ပီ ၂၂ ထိ မြေနုကျွန်းမြေနေရာကို တာဝန်ရှိသူတွေပါဝင်တဲ့အဖွဲ့နဲ့ မြေတိုင်းတာရေးအဖွဲ့တို့က ဆက်လက်ဆောင်ရွက်ခဲ့တဲ့နေရာမှာ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့အထိ နယ်နိမိတ် မှတ်တိုင် ပီ ၆ မှ ပီ ၂၂ ထိ တိုင်းတာပေးခဲ့ပြီးဖြစ်ပါတယ်။ ထပ်မံပြီးတော့ တိုင်းဒေသကြီးနှစ်ခု ညှိနှိုင်းချက်အရ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့မှ ၂၇ ရက်နေ့အထိ သက်ဆိုင်ရာ တာဝန်ရှိသူတွေ ပါဝင်တဲ့အဖွဲ့က ပီ ၂၃ ကနေ ပီ ၃၂ အထိ တိုင်းတာခြင်းကို ဆောင်ရွက်ခဲ့တဲ့ နေရာမှာတော့ ဒီကွက်ကွဲပတ်လမ်းအတွင်းမှာ ကျရောက်နေတဲ့မြေဧရိယာ ၅၁၅.၅၄ ဧကမှ ၁၁၇.၅၀ ဧကကို မြောင်မြို့နယ်ကရပါတယ်။ ငါန်းဇွန်မြို့နယ်က မြေဧရိယာ ၁၇၀.၅၄ ဧက၊ အင်းအိုင်ဧရိယာ ၂၂၇.၅ ဧကအသီးသီး တိုင်းတာပေးပြီးတော့မှ ဒီမြေနုကျွန်းအငြင်းပွားမှုအပေါ်မှာ ဖြေရှင်းဆောင်ရွက် ပေးထားကြောင်း တွေ့ရှိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ရွှေပေါက်ပင်ကျေးရွာအုပ်စုနှင့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ငမြာ ကျေးရွာအုပ်စု၊ ကျိုကုန်းကျေးရွာတို့အကြားမှာ မြေနုကျွန်းဟာ ကျွန်းဟောင်းဖြစ်ပြီး ဆက်စပ်နေတဲ့ မြေနုကျွန်းမှာလည်း အစွယ်အပွားကျွန်းစွယ်တွေသာဖြစ်တဲ့အတွက် စီမံခန့်ခွဲမှုနှင့် လုပ်ကိုင်မှုတွေကို အရင်အတိုင်းဆက်လက်ထားရှိဖို့ လုပ်ပိုင်ခွင့်တွေပေးခဲ့တဲ့နေရာမှာလည်း ရေနက်ကြောင်းမူအရ သုံးပုံ

တစ်ပုံ၊ သုံးပုံနှစ်ပုံအချိုးအတိုင်း ခွဲဝေသွားဖို့၊ မလိုလားအပ်တဲ့ပြဿနာတွေ ထပ်မံမဖြစ်ပွားစေဖို့ အတွက် စိုက်ထူရန်ကျန်နေတဲ့ နယ်နိမိတ်တွေဖြစ်တဲ့ ပီ ၁ မှ ပီ ၅ အထိလည်းကောင်း၊ ပီ ၂၃ မှ ပီ ၃၁ အထိလည်းကောင်း စိုက်ထူခြင်းမပြုဖို့ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့မှာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ သီးစားအယူခံမှု စိစစ်ရေးအဖွဲ့အစည်းအဝေး ၇/၂၀၁၀ က ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါတယ်။ ဒီမြေတွေဟာ မြေနုကျွန်းအငြင်းပွားမှုဇရိယာအတွင်း မပါဝင်ခြင်း၊ စိုက်ပျိုးလုပ်ကိုင်မှု တည်ငြိမ်ပြီးဖြစ်နေခြင်း၊ မှတ်တိုင်စိုက်ထူခြင်းကြောင့် မလိုလားအပ်တဲ့ အငြင်းပွားမှုတွေ ထပ်မံပေါ်ပေါက်လာနိုင်တာကြောင့် ဒီမှတ်တိုင်တွေကို ဆက်လက် စိုက်ထူခြင်းမပြုဖို့ ဆုံးဖြတ်ခဲ့ကြောင်း သိရှိရပါတယ်။ ယခုလိုမြေနုကျွန်း ပြဿနာအပေါ်မှာ စစ်ကိုင်းတိုင်းဒေသနှင့် မန္တလေးတိုင်းဒေသ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွေရဲ့ ညှိနှိုင်းပေးထားချက်အရလည်းကောင်း၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနရုံးချုပ်နှင့် မြေစာရင်းဦးစီးဌာနအဆင့်ဆင့်ရဲ့ တိုင်းတာသတ်မှတ် ပေးထားမှုအရ လည်းကောင်း၊ နှစ်ဖက်သော ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့တွေရဲ့ ညှိနှိုင်းထားမှုအရလည်းကောင်း မြေနုကျွန်းပေါ်မှာ အငြင်းပွားမှု ထပ်မံမဖြစ်ပွားစေရေးအတွက် စနစ်တကျ နယ်နိမိတ်တွေကို တိုင်းတာသတ်မှတ်ပေးထားကြောင်း သိရှိရပါတယ်။ မြေပုံထုတ်တိုင်းတာ သတ်မှတ် ပေးထားပြီးတဲ့ နယ်နိမိတ်များအတွင်း တစ်ဖက်နှင့်တစ်ဖက် ကျူးကျော်ဝင်ရောက်မှု မရှိစေရေး အတွက်ကတော့ ကျေးရွာမှာရှိတဲ့ တောင်သူများအနေနဲ့ အလေးဂရုပြုစောင့်ထိန်း လိုက်နာရမယ့် ကိစ္စဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒီလိုစနစ်တကျ တိုင်းတာသတ်မှတ်ထားတဲ့ နယ်နိမိတ်ခွဲခြားပြီးဖြစ်တဲ့ မြေနုကျွန်းဇရိယာတွေအတွင်းမှာတော့ ကျူးကျော်ဝင်ရောက် လုပ်ကိုင်မှုတွေ ရှိလာပါကလည်း တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ နစ်နာသူကတရားလိုပြုပြီးတော့ တရားရုံးအဆင့်ဆင့်မှာ တရားစွဲဆိုနိုင်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြတာနှင့် ပတ်သက်လို့ ဦးအုန်းငွေ သဘောပေါက်မယ်လို့ ထင်ပါတယ်။ မြေနုကျွန်းကိစ္စများဟာ မြစ်ကြောင်းတစ်လျှောက် နေထိုင်တဲ့ နယ်မြေများမှာ မကြာခဏဖြစ်ပေါ်ပါတယ်။ တိုင်းတစ်တိုင်းအတွင်းမှာ ဖြစ်တဲ့ကိစ္စက လွယ်ကူစွာ ရှင်းလင်းနိုင်ပေမယ့် တိုင်းခြားလာလို့ရှိရင် အင်မတန်မှ ခက်ခဲတဲ့ကိစ္စဖြစ်ပါတယ်။ မိမိလည်း တ.ယ.ကဥက္ကဋ္ဌဘဝက ကြုံတွေ့ခဲ့တဲ့ မြေနုကျွန်းကိစ္စများစွာအတွေ့အကြုံရှိခဲ့ပါတယ်။ ဧရာဝတီတိုင်း နှင့်ဆက်စပ်နေတဲ့ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းမှာလည်း အခု ဦးအုန်းငွေတင်ပြသလိုကိစ္စများ များစွာ

ရှိခဲ့ပါတယ်။ သို့ရာတွင် ဒီလို ပေါ်ပေါက်လာတဲ့အခါမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း ဖြေရှင်းတဲ့နည်းလမ်းနှင့် စနစ်များရှိပြီး ဖြစ်ပါတယ်။ အခုလည်း သက်ဆိုင်ရာဝန်ကြီးက ဒီအကြောင်းပဲ ရှင်းလင်းတင်ပြသွားတာလို့ မိမိမှတ်ယူပါတယ်။ အဲ့ဒီလို နှစ်ဦးနှစ်ဖက် ဆောင်ရွက်ဖို့ကိစ္စတွေကို သက်ဆိုင်ရာတိုင်းဒေသကြီးများနှင့် ပြည်ထောင်စုအဆင့်က ဆွေးနွေးဆုံးဖြတ်၊ ချမှတ်ထားတဲ့ အပေါ် မူတည်ပြီးတော့ လိုက်နာဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အဲ့လိုမလိုက်နာဘူး။ မဆောင်ရွက်ဘူး ဆိုလို့ရှိရင် တည်ဆဲဥပဒေများကို ဖောက်ဖျက်ကျူးလွန်တဲ့အတွက် တည်ဆဲဥပဒေအရ အရေးယူ ခံရမယ်ဆိုတာလည်း သိရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြန်ပြီးတော့ ထပ်ဆင့် ရှင်းပြောရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ မြေနုကျွန်းပြဿနာပေါ်လာရင် ရှင်းလင်းဖို့နည်းလမ်းတွေ၊ စည်းကမ်းတွေ ရှိခဲ့ပြီး ဖြစ်ပါတယ်။ သို့ရာတွင် ဒီနည်းလမ်း၊ ဒီစည်းကမ်း၊ ဒီ ဥပဒေတွေဟာ လောလောဆယ် အခြေအနေနဲ့ ကိုက်ညီမှုမရှိဘူးလို့ ယူဆတယ်ဆိုရင်တော့ ဒီဥပဒေကို ပြန်လည်ပြင်ဆင်နိုင်ဖို့ တင်ပြနိုင်ပါတယ်။ ဒီလိုမတင်ပြသေးဘဲနဲ့ဆိုရင်တော့ တည်ဆဲဥပဒေများအရသာ လိုက်နာဆောင်ရွက် ရမှာ ဖြစ်ကြောင်းလည်း မိမိရဲ့အတွေ့အကြုံနဲ့ ယှဉ်ပြီးတော့ ဦးအုန်းငွေနှင့် သက်ဆိုင်တဲ့ နိုင်ငံသား များကို ပြန်လည်ပြောကြားဖို့လိုမယ်လို့ ယူဆတဲ့အတွက် ဒီလိုထပ်ဆင့်ရှင်းလင်းပြောကြားခြင်းဖြစ် ပါတယ်။

**အုပ်ချုပ်ရေးကဏ္ဍနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဇုံးတိန့်၊ ချီဖွေမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်များ အားလုံး မင်္ဂလာပါလို့ ပထမဦးဆုံး နှုတ်ခွန်းဆက်သအပ်ပါတယ်။ အချိန်ကိုလေးစားသောအနေဖြင့် ကျွန်တော်ရဲ့ မေးခွန်းကို ဖတ်ကြားမေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျွန်တော်ကတော့ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတက ၃၁-၃-၂၀၁၁ ရက်နေ့တွင် ကျင်းပတဲ့ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင် အစိုးရသစ်ရဲ့ အရေးကြီးဆုံးလုပ်ငန်းစဉ်ကတော့ ကောင်းမွန်သော အုပ်ချုပ်မှုစနစ် (Good Governances) သန့်ရှင်းသောအစိုးရ(Clean Government) ပေါ်ပေါက်လာအောင်ဝိုင်းဝန်း ကြိုးပမ်းလုပ်ဆောင်ဖို့ပဲ ဖြစ်ပါတယ်ဟု မိန့်ကြားခဲ့ပါတယ်။ သမ္မတ၏ မိန့်ခွန်းနဲ့အညီ သန့်ရှင်းသောအစိုးရဖြစ်ပေါ်လာဖို့ ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရသော နယ်ပယ်၌ အဓိကအားဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်

ရှိရမည်ဖြစ်ပါတယ်။ ခေတ်စနစ်ပြောင်းလဲသွားခဲ့သော်လည်း အောက်ခြေ၌ လုပ်ထုံးလုပ်နည်း အကောင်အထည်ဖော်ဆောင်ရွက်သော နည်းလမ်းများ ပြုပြင်ပြောင်းလဲမှုမရှိသောကြောင့် ပြည်သူလူထုက ပြောင်းလဲတိုးတက်မှုကို လက်တွေ့ထိတွေ့ခံစားမှုမရှိသကဲ့သို့ ပြောဆိုနေကြပါတယ်။ ယခုလက်ရှိအစိုးရသည် ပြည်သူလူထုတစ်ဦး၏ နစ်နာဆုံးရှုံးမှုနှင့် စပ်လျဉ်း၍ တိုင်ကြားမှုအပေါ် ပြည်သူ့အစိုးရ ဖြစ်တာနှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ ချက်ချင်းဖွဲ့စည်းပေး၍ အောက်ခြေသို့ စုံစမ်းစစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ လက်တွေ့နယ်ပယ်၌ မိမိအစိုးရ ဝန်ထမ်းအချင်းချင်း စာနာထောက်ထားခြင်း၊ ဘက်လိုက်ခြင်း၊ ဖြစ်စဉ်အမှန်မပေါ်ပေါက်အောင် ပေါင်းစပ်ညှိနှိုင်း၍ အကာအကွယ်ပေးခြင်း၊ အာဏာကို အလွဲသုံးစားပြုခြင်း၊ တိုင်ကြားသူနှင့် သက်သေများ ခြိမ်းခြောက်ခံရခြင်း အစရှိသည်တို့ကြောင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ စစ်ဆေးချက် အစီရင်ခံစာများသည် မှန်ကန်တိကျမှု၊ တရားမျှတမှုမရှိဘဲ ပြည်သူလူထုက လက်ခံယုံကြည်မှုမရှိတဲ့ ဖြစ်စဉ်များ မြောက်မြားစွာကို ပေါ်ပေါက်လျက်ရှိပါတယ်။ ထိုသို့ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုအကြား ပေါ်ပေါက်သော အငြင်းပွားမှု၊ မကျေနပ်မှုနှင့် နစ်နာဆုံးရှုံးမှုကိစ္စရပ်များကို အဓိကကိုင်တွယ်ဖြေရှင်းသော အုပ်ချုပ်ရေးဆိုင်ရာတရားရုံးများ ပြည်ပနိုင်ငံများတွင် ရှိသည်ဟု လေ့လာတွေ့ရှိရပါတယ်။ ပြင်သစ်အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးမှာ ကမ္ဘာပေါ်တွင် အထူးခြားဆုံးနှင့် အကောင်းဆုံးဖြစ်သည်ဟုလေ့လာသိရှိရပါတယ်။ အစိုးရဝန်ထမ်း၏ ပုဂ္ဂိုလ်ရေးအရ လုပ်ဆောင်ချက်နှင့် အလုပ်တာဝန်ဝတ္တရားအရ လုပ်ဆောင်ချက်များကို တသီးတခြားစီ ကွဲပြားခြားနားမှုရှိအောင် ပိုင်းခြားစည်းတားပေးထားသော စနစ်ဖြစ်ပါတယ်။ အကယ်၍ ဝန်ထမ်းတစ်ဦးရဲ့ တာဝန်ဝတ္တရားအရ လုပ်ဆောင်မှုဟာ လူတစ်ဦးကို ထိခိုက်နစ်နာမှု ရှိစေပါက နစ်နာသူက ဝန်ထမ်းအပေါ် အုပ်ချုပ်ရေးဆိုင်ရာ တရားရုံး (Administrative Courts) မှာ တရားစွဲဆိုရပါတယ်။ စီမံခန့်ခွဲအုပ်ချုပ်ရေးဆိုင်ရာ တရားရုံးအဖွဲ့ဝင်များဟာ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ အရည်အချင်းပြည့်ဝသူများဖြစ်ကြပါတယ်။ ထိုတရားရုံးများက အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအပေါ် အထွေထွေသဘောအရ ကြီးကြပ်ကွပ်ကဲကြပ်မတ်ပေးလျက်ရှိကြပါတယ်။ အဲဒီတရားရုံးများက ပြည်သူ့ဝန်ထမ်းများနှင့်ပတ်သက်၍ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာအတွက် အခြေခံလုပ်ပိုင်ခွင့် အာဏာအပြည့်အဝ ရရှိထားကြပါတယ်။ တရားလိုမကျေနပ်သူရဲ့ တိုင်ကြားချက်ကို အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးတော်က ကြားနာစစ်ဆေးပေးပြီး မှန်ကန်စွာ ဆုံးဖြတ်ချမှတ်ပေးပါတယ်။ နစ်နာမှုကို တရားမျှတစွာ ကုစားပေးပါတယ်။ လျော်ကြေးပေးသင့်သူကို ပေးစေပါတယ်။ ဆုံးဖြတ်ချက်များကို အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးများက မြန်နိုင်သမျှ

မြန်အောင်ချပေးပါတယ်။ သာမန်တရားရုံးများနှင့် နှိုင်းယှဉ်ကြည့်လျှင် အချိန်ကုန်၊ ငွေကုန်သက်သာပါတယ်။ ပြည်သူများလက်ခံသော အဖြေကို တရားမျှတစွာ ရရှိစေပါတယ်။ နိုင်ငံသားတစ်ဦးသည် မိမိ၏ နိုင်ငံသားအခွင့်အရေး နစ်နာဆုံးရှုံးမှုနှင့် ပတ်သက်၍ ပြည်ထောင်စု တရားလွှတ်တော်သို့ စာချွန်တော်အမိန့်ဖြင့် အကာအကွယ်နှင့် တရားမျှတမှုကို ရယူရန်တိုင်တန်း၍ ရကြောင်း သိရပါတယ်။ ရှေ့တော်သွင်း စာချွန်တော်အမိန့်အရ ဖမ်းဆီးထားသူ တစ်ဦးအား မည်သည့် ပြစ်မှု၊ မည်သည့် ဥပဒေအရ ဖမ်းဆီးထားသည်ကို ဖမ်းဆီးထားသည့် အဖွဲ့အစည်းအား ရှင်းလင်းတင်ပြစေခြင်း၊ အာဏာပေး စာချွန်တော်အမိန့်အရ ဥပဒေအရ အပ်နှင်းထားသော အာဏာဖြင့် ဆောင်ရွက်ရန်ရှိသည်ကို ပုဂ္ဂိုလ်သို့မဟုတ်အဖွဲ့အစည်းက ဆောင်ရွက်မပေးဘဲ နေသည့်ကိစ္စတွင် ဆောင်ရွက်ပေးရန် အမိန့်ပေးခြင်း၊ တားမြစ်စေစာချွန်တော်အရ တရားရုံး သို့မဟုတ် တရားစီရင်မှု ဆောင်ရွက်ခြင်း သဘောပါဝင်သည့် ခုံရုံးအားလည်းကောင်း၊ စီရင်ပိုင်ခွင့်ကို ကျော်လွန်၍ လည်းကောင်း၊ တရားမျှတမှုကို ဆန့်ကျင်၍သော်လည်းကောင်း မပြုလုပ်ရန် တားမြစ်သည့် အမိန့်ထုတ်ပြန်ခြင်း၊ အာဏာပိုင်မင်းစာချွန်တော်အမိန့်အရ အစိုးရဌာနသို့မဟုတ် အဖွဲ့အစည်း တစ်ခုခုက ဥပဒေအရ အပ်နှင်းထားသော အမိန့်တစ်ခုကို ကျော်လွန်၍ တစ်စုံတစ်ရာ ပြုလုပ်ခြင်းကြောင့် ပြည်သူတစ်ဦး၏ အခွင့်အရေးကို ထိပါးနစ်နာကြောင်း ထိုသူက လျှောက်ထားလာလျှင် သက်ဆိုင်ရာဌာန အဖွဲ့အစည်းအား ရှင်းလင်းပြောကြားစေပြီး ဥပဒေနှင့်အညီ ချမှတ်သည့် အမိန့်ထုတ်ပြန်ခြင်းအမှုအခေါ် စာချွန်တော်အမိန့်အရ လက်အောက်ခံတရားရုံးနှင့် တရားစီရင်မှု ဆောင်ရွက်မှုသဘောပါသည့် ခုံရုံးတို့က ချမှတ်သည့် အမိန့်များအပေါ် ပြန်လည်စိစစ်ပြီး ဥပဒေနှင့်အညီ ချမှတ်သည့်အမိန့် ထုတ်ပြန်ခြင်းဖြင့် နစ်နာဆုံးရှုံးမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်သည်ဟု သိရှိရပါသည်။ နိုင်ငံသား တစ်ဦးဟာ ပြည်ထောင်စုတရားလွှတ်တော်ရုံးသို့ တိုင်တန်းရမည်ဖြစ်သည့်အတွက် ငွေကြေးမတတ်နိုင်သော နိုင်ငံသားတစ်ဦးအနေဖြင့် မဖြစ်နိုင်ပါ။ လူ့အခွင့်အရေးများ ဆုံးရှုံးသည်ဟု မှတ်ယူနေကြပါသည်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း သန့်ရှင်းသော အစိုးရနှင့်ကောင်းမွန်မှန်ကန်သော အုပ်ချုပ်မှုစနစ် အမှန်တကယ်ပေါ်လာဖို့ အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးများကဲ့သို့ အစီအမံများ ထားရှိသင့်တယ်လို့ ထင်မြင်ယူဆပါတယ်။ သို့ဖြစ်ပါ၍ အုပ်ချုပ်ရေးကဏ္ဍနှင့် ပြည်သူတစ်ဦးချင်း အကြား အငြင်းပွားမှု၊ မကျေနပ်မှု ၊ ဆုံးရှုံးနစ်နာမှုများကို တရားမျှတစွာ ကြားနာဆုံးဖြတ်ပေးနိုင်သော အုပ်ချုပ်ရေးဆိုင်ရာ တရားရုံးများ (Administrative Courts)ကဲ့သို့သော အစီအမံများပြောင်းလဲ

ဖွဲ့စည်းချမှတ်ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးမြန်းလိုကြောင်းတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စု ဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒုတိယဗိုလ်ချုပ်ကြီးကိုကို (ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့်ရဲ့ မေးခွန်းကို ကျွန်တော်ကပဲ ဆက်လက်ဖြေကြား သွားပါမယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အချုပ်အခြာအာဏာကို ဥပဒေပြုရေး အာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာဆိုတဲ့ ခက်မကြီးသုံးဖြာပိုင်းခြားပြီးတော့မှ အချင်းချင်းအပြန်အလှန် ထိန်းကျောင်းမှုပြုလျက်ရှိပါတယ်။ အုပ်ချုပ်ရေးကဏ္ဍမှာ ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေ၊ နိုင်ငံတော်အစိုးရက ခန့်အပ်တာဝန်ပေးထားတဲ့ ပုဂ္ဂိုလ်တွေပါဝင်ကြပြီးတော့မှ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားကို အထောက်အကူပြု တာဝန်ယူဆောင်ရွက်ကြတဲ့ ပြည်သူ့ဝန်ထမ်းတွေပါရှိပါတယ်။ အုပ်ချုပ်ရေးကဏ္ဍနှင့် ပြည်သူတစ်ဦးအကြား ဖြစ်ပေါ်နေတဲ့ အငြင်းပွားမှုတွေ၊ မကျေနပ်မှုတွေ၊ ဆုံးရှုံးနစ်နာမှုတွေကို စီမံခန့်ခွဲရေးနည်းလမ်းအရလည်းကောင်း၊ တရားစီရင်ရေးနည်းလမ်းအရလည်းကောင်း ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ မှုခင်းကိစ္စတွေနဲ့ ပတ်သက်ပြီးတော့ ကြားနာစစ်ဆေးဆုံးဖြတ်မှုအပိုင်းတွေမှာ နစ်နာမှုရှိလို့ ကျေနပ်မှုမရှိရင် အဆင့်မြင့်တရားရုံးတွေကိုလည်း အဆင့်ဆင့်အယူခံ ပြင်ဆင်မှုတွေ၊ တက်ရောက်ခွင့် အခွင့်အရေးတွေ ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်အစိုးရအနေနဲ့လည်း ပြည်သူတွေဘက်က ရပ်တည်ပြီးတော့မှ ပြည်သူတွေရဲ့ ရပိုင်ခွင့်အခွင့်အရေးတွေကို နစ်နာဆုံးရှုံးမှု မရှိစေရေးအတွက် အကာအကွယ်ပေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ အုပ်ချုပ်ရေးယန္တရားမှာ ဖြစ်ပေါ်လေ့ ဖြစ်ပေါ်ထရှိတဲ့ လာဘ်ပေးလာဘ်ယူမှုတွေ၊ အဂတိလိုက်စားမှုတွေ၊ မလျော်ဩဇာ သုံးမှုတွေနဲ့ ပတ်သက်ပြီးတော့ ပြဋ္ဌာန်းထားရှိပြီးဖြစ်တဲ့ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေး စည်းမျဉ်းစည်းကမ်းအရလည်းကောင်း၊ တည်ဆဲဥပဒေအရလည်းကောင်း အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ ဝန်ထမ်းတစ်ဦးရဲ့ တာဝန်ဝတ္တရား ဆောင်ရွက်မှုဟာ လူပုဂ္ဂိုလ်တစ်ဦးသို့မဟုတ် အဖွဲ့အစည်းတစ်ခုကို ထိခိုက်နစ်နာစေခဲ့ရင် နစ်နာသူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက အဆိုပါဝန်ထမ်းရဲ့ အထက်ဌာနအကြီးအကဲအဆင့်ဆင့်ကို တိကျမှန်ကန်စွာ

တိုင်ကြားနိုင်ပါတယ်။ တိုင်ကြားချက်မှန်ကန်ပါက အဲဒီဝန်ထမ်းကို ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ် အမျိုးအစားအလိုက် အရေးယူဆောင်ရွက်ပါတယ်။ ဒါထက်မက ပြစ်မှုကြီးမားလို့ရှိရင် ရှိကြောင်း စစ်ဆေးပေါ်ပေါက်လို့ရှိရင်တော့ သက်ဆိုင်ရာ တရားရုံးတွေမှာ တရားစွဲဆိုပြီးတော့ ပြစ်မှုထင်ရှားလို့ ရှိရင် ဥပဒေနှင့်အညီ တရားစီရင်ခြင်း၊ ပြစ်ဒဏ်ပေးခြင်းတွေကို ဆောင်ရွက်ပါတယ်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၉၆ နှင့် ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၁၆တို့ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ စာချွန်တော်အမိန့်တွေ ထုတ်ပေးပိုင်ခွင့် အာဏာ ရှိကြောင်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးဟာ စီမံခန့်ခွဲရေးနှင့်တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ချက် တွေကြောင့် မိမိရဲ့နိုင်ငံသားအခွင့်အရေး နစ်နာဆုံးရှုံးမှုတွေ ရှိလို့ရှိရင် စာချွန်လွှာ အမိန့်တွေကို လျှောက်ထားရယူနိုင်ပါတယ်။ ဒီလိုလျှောက်ထားရာမှာလည်း စာချွန်လွှာအမိန့် လျှောက်ထားမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေအရ တရားမအထွေထွေလျှောက်ထားမှုနှင့် လျှောက်ထား ရမှာ ဖြစ်ပြီးတော့မှ လျှောက်ထားမှုအပေါ်မှာ ရုံးခွန် အက်ဥပဒေဇယား၂ အမှတ်စဥ် ၁ (ဃ)အရ ရုံးခွန်က ၁၅ ကျပ်သာ ထမ်းဆောင်ရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အနေနဲ့ လည်း အခုလို စာချွန်တော် အမိန့်လျှောက်ထားမှုတွေအပေါ်မှာ စစ်ဆေးကြားနာဆောင်ရွက်ပေးလျက်ရှိတဲ့အတွက် နစ်နာဆုံးရှုံးတဲ့ နိုင်ငံသားတွေအတွက် ဥပဒေအရ ကုစားမှုတွေရရှိနေပြီ ဖြစ်ပါတယ်။ ဒီလို အုပ်ချုပ်ရေး ကဏ္ဍနှင့် ပြည်သူတစ်ဦးကြား အငြင်းပွားမှုတွေ၊ မကျေနပ်မှု၊ ဆုံးရှုံးမှုတွေကို တရားမျှတစွာ ဆောင်ရွက် ပေးနိုင်ရန်အတွက် ဥပဒေကြောင်းအရ ဖြေရှင်းရန်လုပ်ထုံးလုပ်နည်းတွေ ရှိပြီးဖြစ်တဲ့အတွက် အုပ်ချုပ်ရေးဆိုင်ရာ တရားရုံး (Administrative Courts) ဖွဲ့စည်းပေးဖို့ဆိုတဲ့ ကိစ္စဟာလည်း နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားခြင်းမရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ အုပ်ချုပ်ရေးကဏ္ဍနှင့် ပြည်သူတစ်ဦးကြား အငြင်းပွားမှုတွေ၊ မကျေနပ်မှုတွေ၊ ဆုံးရှုံးနစ်နာမှုတွေကို တရားမျှတစွာ ကြားနာဆုံးဖြတ်နိုင်တဲ့ တည်ဆဲဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေ ရှိပြီးဖြစ်တဲ့အတွက် ဒီအုပ်ချုပ်ရေးဆိုင်ရာ တရားရုံး (Administrative Courts) ဟာ ထပ်မံဖွဲ့စည်း ဆောင်ရွက်ပေးဖို့ လိုအပ်မည်မဟုတ်ပါကြောင်းနဲ့ နစ်နာဆုံးရှုံးတဲ့ ပြည်သူတွေ အနေနဲ့ အဆိုပါတည်ဆဲ ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်း အဆင့်ဆင့်သို့ မှန်ကန်စွာ တင်ပြဆောင်ရွက် သွားနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။(သြဘာသံများ)

**တက္ကသိုလ်ပညာသင် ထောက်ပံ့ချီးမြှင့်ငွေများ တိုးမြှင့်ပေးရန်နှင့် တက္ကသိုလ်အသီးသီးတွင် ကိုယ်ပိုင် Website များ ထားရှိရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းနွယ်၊ ဘုတလင်မဲဆန္ဒနယ်မှ မေးခွန်း ၂ ခု တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျောင်းသား၊ ကျောင်းသူများရဲ့ အကျိုးကို ရှေးရှုပြီး ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဤလွှတ်တော်သို့ မေးခွန်း ၂ ခုကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၉၃ ခုနှစ်၊ ဧပြီလမှ စပြီးတော့ တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးကို မြို့ပေါ်မှာနေတဲ့ ကျောင်းသားများအတွက် တစ်လ ၁၈၇ ကျပ် ၅၀ ပြား၊ နယ်တွင်နေထိုင်သော ကျောင်းသားအတွက် တစ်လ ၃၀၀ ကျပ်ထိ တိုးမြှင့်ချီးမြှင့်ပေးခဲ့ပါတယ်။ ထိုအချိန်မှ စပြီးတော့ ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်အထိ တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးများမှာ တိုးမြှင့်ပေးခြင်းမရှိတော့ဘဲ မြို့ပေါ်နေကျောင်းသားများမှာ ချီးမြှင့်ခံရလျှင် တစ်လ ၁၈၇ ကျပ် ၅၀ ပြား၊ တစ်နှစ်စာ ၂၂၅၀ ကျပ်ရရှိပြီးတော့ နယ်ကျောင်းသားတွေကတော့ တစ်လ ၃၀၀ ကျပ်ဖြင့် တစ်နှစ်စာ ၃၆၀၀ ကျပ်ရရှိလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ယခုအခါ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ပညာရေး ဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်များ တိုးမြှင့်ရရှိသည့်အတွက် ပညာသင်ထောက်ပံ့ကြေးများ တိုးမြှင့်ထားရှိမည်ဟုလည်း မျှော်လင့်ယူဆမိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်ကျောင်းလခမှာ ၁၉၉၉-၂၀၀၀ ပညာသင်နှစ်ထိ တစ်လမှာ ၁၅ ကျပ်ဖြစ်ပါတယ်။ ၂၀၀၀-၂၀၀၁ ပညာသင်နှစ်တွင် တစ်လမှာ ၃၅ ကျပ်ဖြစ်ပါတယ်။ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်တွင် တစ်လ ၅၀၀ ကျပ်ထိ တိုးမြှင့်ခဲ့ပြီး ယခုအချိန်ထိ ၎င်းနှုန်းအတိုင်း ကောက်ခံလျက်ရှိပါတယ်။ ဒါကြောင့် ငွေကြေးချို့တဲ့ပြီး ပညာတော်သော ကျောင်းသားမှာ ပညာသင်ထောက်ပံ့ကြေး တစ်လ ၃၀၀ ကျပ်ရရှိပြီး မိဘက ပညာသင်စရိတ် အတော်အတန်ထောက်ပံ့နိုင်တဲ့ ကျောင်းသားကတော့ ကျောင်းလခ လွတ်ငြိမ်းခွင့် တစ်လ ၅၀၀ ကျပ် ရရှိနေသဖြင့် သဘာဝမကျကြောင်း တွေ့ရှိရပါတယ်။ ယခုအခါတွင် ပညာရေးဖောင်ဒေးရှင်းများက

ပညာသင်ထောက်ပံ့ကြေး စီမံပေးရာတွင် တစ်လ ၂၅၀၀၀ ကျပ်မှ ၅၀၀၀၀ ကျပ်ထိ ချီးမြှင့်ပေးနေကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ် ပညာသင်ထောက်ပံ့ကြေးများပေးရာတွင် ယနေ့ခေတ်ကာလနှင့်လျော်ညီစွာ ထောက်ပံ့ချီးမြှင့်ငွေများ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ တိုးမြှင့်ပေးပါက ယခု ပညာသင်ထောက်ပံ့ကြေးခံစားနေရသော ကျောင်းသားကျောင်းသူများပါ တိုးမြှင့်ချီးမြှင့်သည့်နှုန်းထားအတိုင်း ခံစားခွင့် ရှိ၊ မရှိကို သိရှိ လိုပါကြောင်း ပထမမေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ယခုအခါမှာ နိုင်ငံတော်အစိုးရသည် E-Government ဖြစ်အောင် ဆောင်ရွက်လျက်ရှိရာ မြန်မာ့တက္ကသိုလ်အသီးသီးတွင် ကိုယ်ပိုင် Website များ ထားရှိ၍ သက်ဆိုင်ရာ တက္ကသိုလ်ရဲ့ စီမံခန့်ခွဲရေး၊ သင်ကြားရေးနှင့် သုတေသနဆိုင်ရာ သတင်းအချက်အလက်များ တင်ပေးထားခြင်းဖြင့် နိုင်ငံတကာတက္ကသိုလ်များမှ မြန်မာ့တက္ကသိုလ်များအကြောင်း လေ့လာနိုင်ခြင်း၊ အဆိုပါ တက္ကသိုလ်သို့ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားမည့် ကျောင်းသားမိဘများသည် တက္ကသိုလ်အကြောင်းကို ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး မိမိ သားသမီးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ခြင်း၊ တက္ကသိုလ်ကျောင်းသားများအနေဖြင့်လည်း မိမိနှစ်သက်ရာ ဘာသာရပ်ကို ရွေးချယ်သင်ယူနိုင်ခြင်း လျှောက်လွှာပုံစံများကို အလွယ်တကူ Down Load လုပ်ပြီး ရယူနိုင်ခြင်း စသည့် အခွင့်အလမ်းများ ရရှိလာမည် ဖြစ်ပါတယ်။ အဝေးသင်ကျောင်းသားများအနေဖြင့်လည်း ဘာသာရပ်ဆိုင်ရာ E-Book များကို လေ့လာဖတ်ရှုနိုင်ခြင်း၊ ကျောင်းဝင်ခွင့်များကို On Line မှ တစ်ဆင့်လျှောက်ထားခြင်းတို့ကို ပြုလုပ်နိုင်မည်ဖြစ်တဲ့အတွက် မြန်မာ့တက္ကသိုလ်အသီးသီးတွင် ကိုယ်ပိုင် Websiteများထားရှိရန် အစီအစဉ်ရှိ၊ မရှိနဲ့ အကယ်၍ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးက မေးခွန်း ၂ ခုအား တစ်ပေါင်းတည်း ဖြေဆိုဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဖြစ်ပါတယ်။ အခု

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်ရဲ့ ပညာရေး ကဏ္ဍဆိုင်ရာ မေးခွန်း ၂ ခုကို ကျွန်တော် တစ်ဆက်တည်း ဖြေသွားပါ့မယ်။ ပထမမေးမြန်းချက်ကတော့ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးများ ပေးရာတွင် ယနေ့ခေတ်ကာလ နှင့် လျော်ညီစွာ ထောက်ပံ့ချီးမြှင့်ငွေများ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ တိုးမြှင့်ပေးပါက ယခု ပညာသင်ထောက်ပံ့ကြေး ခံစားနေသော ကျောင်းသားကျောင်းသူများပါ ချီးမြှင့်သည့် နှုန်းထားအတိုင်း ခံစားခွင့် ရှိ၊ မရှိ ဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ဖြေကြားရမယ်ဆိုရင် ပထမဆုံးဖြေမှာကတော့ ပညာသင်ဆုပဲ အရင်ဖြေပါမယ် ခင်ဗျား။ အဲဒါကို ဖြေခွင့်ပြုပါခင်ဗျား။ နိုင်ငံတော်အတွက် အရည်အချင်းပြည့်ဝတဲ့ လူ့စွမ်းအား အရင်းအမြစ်များ လေ့ကျင့်မွေးထုတ် ပေးနိုင်ရန် တက္ကသိုလ် ပညာသင်ဆု (Scholar Ship) ချီးမြှင့်ပေးနိုင်ရေးအတွက် တက္ကသိုလ်စာမေးပွဲ တွင် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သိပ္ပံဘာသာတွဲ အုပ်စုတွင် ပထမရရှိသူ ၁၄ ဦးနှင့် ဝိဇ္ဇာဘာသာတွဲအုပ်စုတွင် ပထမရရှိသူ ၁၄ ဦး၊ စုစုပေါင်း ၂၈ ဦးကို စိစစ်ရွေးချယ်၍ တက္ကသိုလ် ပညာသင်ဆုများကိုလည်းကောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအရ တက္ကသိုလ်ဝင် စာမေးပွဲတွင် အဆင့် ၁ မှ ၁၀ အတွင်း ထူးချွန်စွာ အောင်မြင်ကြသည့် သိပ္ပံဘာသာတွဲမှ ကျောင်းသားကျောင်းသူ ၁၀ ဦးနှင့် ဝိဇ္ဇာဘာသာတွဲမှ ကျောင်းသားကျောင်းသူ ၁၀ ဦး၊ စုစုပေါင်း ၄၈ ဦးတို့ကို နိုင်ငံတော်၏ အစီအစဉ်ဖြင့် သီးခြားဂုဏ်ပြုဆုများကို လည်းကောင်း ချီးမြှင့်ပေးသွားမှာ ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍ အဆင့်မြင့်ပညာအဆင့်တွင် တစ်နှစ်လျှင် ၁၀ လအတွက် ချီးမြှင့်သွားမည့် ပညာသင်ဆုများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

(က) တက်ရောက်ခွင့် ရရှိသည့် တက္ကသိုလ်အလိုက် ချီးမြှင့်မည့် ပညာသင်ဆုငွေဖြစ်ပါတယ်-

(၁) ကျန်းမာရေးဝန်ကြီးဌာနရှိ ဆေးတက္ကသိုလ်သို့မဟုတ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သို့ တက်ရောက်သူအတွက် လစဉ်ချီးမြှင့်ငွေ ကျပ် ၁၀၀၀၀၀၊

(၂) ပို့ဆောင်ရေးဝန်ကြီးဌာနရှိ တက္ကသိုလ်/ကောလိပ်သို့ တက်ရောက်သူ အတွက် လစဉ်ချီးမြှင့်ငွေကျပ် ၈၀၀၀၀ ၊

(၃) ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှအပ ကျန်းမာရေး ဝန်ကြီးဌာနရှိ ကျန်တက္ကသိုလ်များ ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့ရှိ

တက္ကသိုလ်/ ဒီဂရီကောလိပ်များသို့ တက်ရောက်သူအတွက် လစဉ်ချီးမြှင့်ငွေ ကျပ် ၇၀၀၀၀၊

(၄) ကာကွယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီး ဌာန၊ သမဝါယမဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တို့ရှိ တက္ကသိုလ်/ ဒီဂရီကောလိပ်များသို့ တက်ရောက်သူအတွက် လစဉ်ချီးမြှင့် ငွေ ကျပ် ၅၀၀၀၀၊

(ခ) တက္ကသိုလ်ပညာသင်နှစ်စတင်ချိန်တွင်ကြိုတင်ပြင်ဆင်စရိတ်အဖြစ်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ စီ ချီးမြှင့်ရန်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ပညာသင်ထောက်ပံ့ကြေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် ဒီ ၂၀၁၂-၂၀၁၃မှစပြီးတော့ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျွန်တော်တို့ ပညာသင် ထောက်ပံ့ကြေးလုပ်ပါ့မယ်။ ကျွန်တော်တို့အစီအစဉ်ကတော့ ပထမဆုံး မိဘမဲ့တဲ့ ကလေးဖြစ်ပြီးတော့ စာလည်းအသင့်အတင့် ၆၀ ရာခိုင်နှုန်းလောက်အထိ ရတဲ့ကလေး သို့မဟုတ်ရင် အဖမဲ့ပြီး အမိ ရှိပြီးတော့ ၆၀ မှတ်လောက်ရတဲ့ကလေး၊ မိရောဖရောရှိပေမယ်လို့ သားသမီးများပြီး ဆင်းရဲတဲ့ ကလေးအတွက်လည်း ကျွန်တော်တို့က သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ လူပေါင်း ၁၁၀၀၀ ကို ထောက်ပံ့ကြေးပေးပါ့ မယ်။ နောက်တခါ စတုတ္ထတန်း Scholar Ship လည်းပေးပါ့မယ်။ စတုတ္ထတန်းမှ အဋ္ဌမတန်းထိ စုစုပေါင်း ၅ နှစ်ကိုပဲ ကျွန်တော်တို့က ၁၀၀၀၀ ဆီ ချီးမြှင့်ပါ့မယ်။ အဋ္ဌမတန်း ဆိုရင်လည်း ၉ တန်း၊ ၁၀ တန်းထိ ၁၅၀၀၀ ချီးမြှင့်ပါ့မယ်။ အဲဒီ ထောက်ပံ့ကြေးတွေကို တက္ကသိုလ် ရောက်သည်ထိ ကျွန်တော်တို့က ဆက်လက်ပြီးတော့ ချီးမြှင့်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါ တယ်ခင်ဗျား။

နောက်ဒုတိယမေးမြန်းချက်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ် မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ်ရဲ့ မေးခွန်းဖြစ်ပါတယ်။ မြန်မာ့တက္ကသိုလ်အသီးသီးတွင် ကိုယ်ပိုင် Websiteများ ထားရှိရန် အစီအစဉ်ရှိ၊ မရှိ နှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် အချိန်တွင် စတင်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဖြစ်ပါတယ်။ ကျွန်တော်ဖြေကြားရမယ် ဆိုရင် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်အသီးသီးတွင် ကိုယ်ပိုင် Website များထားရှိရန် လောလော ဆယ်အစီအစဉ်မရှိသေးသော်လည်း တက္ကသိုလ်/ဒီဂရီကောလိပ်များအားလုံးတွင် အင်တာနက်၊

အီးမေးလ်တို့ကို အသုံးပြုလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ညြဘာသံများ)

**ပညာရေးအညွှန်းကိန်းများစိစစ်ခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ ဦးစိုင်းငေါင်ဆိုင်ဟိန်း ၊ မောက်မယ်မဲဆန္ဒနယ်မှ မေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်ဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကော်မတီများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ၍ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အလယ်ပိုင်း၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်ဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ အခြေခံပညာကျောင်းများ၏ ပညာရေးအညွှန်းကိန်းများစိစစ်ခြင်းနှင့်ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်၏ မေးမြန်းချက်များကို ဖတ်ကြားတင်သွင်းခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတွင် အခြေခံပညာကျောင်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအရပ်ရပ်ကို ပညာရေးအညွှန်းကိန်းများဖြင့် စိစစ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ စံချိန်စံညွှန်းနှင့်ပြည့်မီသော စာသင်ကျောင်းများပေါ်ထွန်းလာသကဲ့သို့ ဝေးလံခေါင်းပါးသော ဒေသများနှင့် အချို့ကျေးလက်တောရွာများတွင် ဖွံ့ဖြိုးမှုအားယူနေဆဲ စာသင်ကျောင်းများကိုလည်း တွေ့နေရပါတယ်။ ကျေးလက်ဒေသများတွင် ဆရာ/ဆရာမ မလုံလောက်မှု၊ ကျောင်းဥပစာရပ်နှင့် အဆောက်အအုံများ လိုအပ်မှု၊ ကျောင်းနေမြဲရေးဆောင်ရွက်မှု လုပ်ငန်းများ အားနည်းနေသေးကြောင်း တွေ့ရှိရပါတယ်။ ဆိုလိုသည်မှာ အချို့သောကျောင်းများတွင် အညွှန်းကိန်းရမှတ်များပြည့်မီပြီးဖြစ်သော်လည်း အချို့ကျောင်းများ၌ သာမန်အဆင့်ဖွံ့ဖြိုးစပြု အဆင့်၌သာ ရှိနေသေးကြောင်း တင်ပြလိုပါသည်။ သို့ဖြစ်ပါ၍ ယခုနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပိုမိုတိကျကောင်းမွန်၍ စနစ်တကျ စစ်ဆေးဆောင်ရွက်နိုင်သော ပညာရေးစိစစ်ခြင်းလုပ်ငန်းများနှင့် အခြေခံပညာကျောင်းများ၏ လိုအပ်ချက်များအပေါ် ပံ့ပိုးကူညီဆောင်ရွက်သွားမည့် အစီအစဉ်များကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်မှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။(ညြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြဒေး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် တောင်ပိုင်း၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါင်ဆိုင်ဟိန်းရဲ့ ပညာရေးကဏ္ဍဆိုင်ရာ မေးမြန်းတာနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ အနည်းငယ် ဖြေကြား ပါမယ်။ မေးမြန်းချက်ကတော့ အစိုးရသစ်လက်ထက်တွင် ပညာရေးအညွှန်းကိန်းများ စိစစ်ခြင်းနှင့် ပတ်သက်ပြီး မည်ကဲ့သို့ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှာ အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးနှစ်တို၊ နှစ်ရှည်စီမံကိန်းများအောင်မြင်စေရန်အတွက် အခြေခံ ပညာကဏ္ဍတွင် အခြေခံပညာကျောင်းများစစ်ဆေးခြင်းနှင့် အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ် ကောလိပ်များစစ်ဆေးခြင်းလုပ်ငန်းများကို အဓိကကဏ္ဍမှာ ပါဝင်လျက်ရှိပါတယ်။ အခြေခံပညာ ကျောင်းများကို စစ်ဆေးရာတွင် အရည်အသွေးဆိုင်ရာ သတ်မှတ်ချက် ၇ ချက်ရှိပါတယ်။ အသွင်သဏ္ဌာန်ဆိုင်ရာ သတ်မှတ်ချက်လည်း ၅ ချက်ရှိပါတယ်။ အသွင်သဏ္ဌာန်ဆိုတာတော့ ကျောင်းသန့်ရှင်းရေးကိစ္စပါ။ အရည်အသွေးဆိုတာက အောင်ချက်ကိစ္စ ဖြစ်ပါတယ်။ အဲဒါကို စုစုပေါင်း ၁၂ ချက်ဖြင့် လည်းကောင်း၊ ပညာရေးကောလိပ်များကိုလည်း အရည်အသွေးဆိုင်ရာ သတ်မှတ်ချက် ၇ ချက်၊ သူတို့ရဲ့ သင်ကြားရေးစနစ်ကို တစ်နည်းနည်းနှင့်စစ်ဆေးပါတယ်။ အသွင်သဏ္ဌာန်ဆိုင်ရာ သတ်မှတ်ချက်က ၅ ချက်၊ စုစုပေါင်း ၁၂ ချက်ဖြင့်လည်းကောင်း၊ တက္ကသိုလ်/ဒီဂရီကောလိပ်များကျတော့ အရည်အသွေးဆိုင်ရာ သတ်မှတ်ချက်က ၈ ချက်နဲ့ စီမံခန့်ခွဲရေး (Administration Management) ဆိုင်ရာ သတ်မှတ်ချက်က ၄ ချက်၊ စုစုပေါင်းက ၁၂ ချက် ဖြစ်ပါတယ်။ ပညာရေးညွှန်းကိန်းများကို စစ်ဆေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီအခြေခံ ကဏ္ဍကျတော့ မြို့နယ်ပညာရေးမှူးကနေပြီးတော့ ညွှန်ကြားရေးမှူးချုပ်တွေဆီသွားပါတယ်။ ပြီးတော့မှ ပညာရေးဝန်ကြီးဆီလာပါတယ်။ အဆင့်မြင့်ကဏ္ဍကျတော့ ညွှန်ကြားရေးမှူးချုပ်တွေက နေပြီးတော့ အထက်မြန်မာပြည်ဆိုရင် ကျောင်း ၄၄ ကျောင်းရှိပါတယ်။ အောက်မြန်မာပြည်ဆိုရင် ၂၀ ကျောင်းရှိ ပါတယ်။ တက္ကသိုလ်/ဒီဂရီကောလိပ်၊ အဲဒီအဆင့်မြင့် ညွှန်ကြားရေးမှူးချုပ် ၂ ဦးကနေပြီးတော့ ကျောင်းတွေကို စစ်ဆေးတိုင်းတာပြီးတော့ ကျွန်တော်တို့ဆီကို ပညာရေးဝန်ကြီးဆီကို အားသာချက်၊

အားနည်းချက်တွေကို သတင်းပို့ပါတယ်။ ကျွန်တော် ကိုယ်တိုင်လည်း ပါမောက္ခချုပ်လုပ်လာတဲ့ အခါကျတော့ ကျွန်တော်တို့ ခေတ်တုန်းကတော့ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဆီကို ကျွန်တော်တို့ရဲ့ အားသာချက်၊ အားနည်းချက်တွေကိုပို့ပြီး အညွှန်းကိန်းကို ပြောပြီးတော့ ဝန်ကြီးကိုယ်တိုင်လာပြီး အားနည်းချက်ကို ဖြေရှင်းပေးတဲ့ နည်းရှိပါတယ်။ ခုနပြောတဲ့ ဝေးလံ ခေါင်းပါးတဲ့အရပ်ကိုတော့ အခုလည်း ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် သိပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဒီကျောင်းတွေလည်း အတတ်နိုင်ဆုံး ဥပမိရုပ်မကောင်းတဲ့ကျောင်းတွေဆိုရင် ပြုပြင်ပေးတယ်၊ တချို့ အသစ်ဆောက်ပေး တယ်။ ဆရာဆရာမလည်း ခန့်ပေးတယ်။ ကျောင်းအဆင့်လည်း အများကြီးတိုးနေပါတယ်။ အဲဒီကျောင်းတွေအတွက် အနည်းနဲ့အများ အားနည်းချက်ရှိနိုင်ပါတယ်ခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ ပညာရေးမှူး မရောက်နိုင်တဲ့နေရာတွေရှိနိုင်ပါတယ်။ ဥပမာ - လေရှီး၊ လဟယ်၊ နန်းယွန်း၊ ပန်ဆောင်း ဆိုရင် သွားရတာခက်ပါတယ်။ အဲဒီအားနည်းချက်ကိုတော့ ကျွန်တော် ဝန်ခံပါတယ်ခင်ဗျား။ လောလောဆယ်တော့ ကျွန်တော်တို့က အညွှန်းကိန်းကို အပြည့်အဝ မလုပ်နိုင်သေးတဲ့ အတွက်ကြောင့် ဝန်ခံပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါ့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည် ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို နေ့လယ် ၁၂း၀၀ နာရီမှာ ပြန်လည် စတင်မှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်များ ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[** အစည်းအဝေးကို မိနစ် ၃၀ ခန့်ရပ်နားပါသည်။ **]**

**အချိန်၊၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ ကညန အပါအဝင် မော်တော်ယာဉ် တင်သွင်းမှုဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများအား ယာယီယာဉ် မှတ်ပုံတင်ခကိုလိုင်စင်မဲ့တရားမဝင်ယာဉ်များကဲ့သို့ ဒဏ်ကြေးသဖွယ် ကျင့်သုံးနေသည့်လုပ်ထုံးလုပ်နည်း များအားရပ်ဆိုင်းကာဥပဒေနှင့် အညီ ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ကညနအပါအဝင် မော်တော်ယာဉ်တင်သွင်းမှု ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများအား ယာယီမှတ်ပုံတင်ခကို လိုင်စင်မဲ့ တရားမဝင်ယာဉ်များကဲ့သို့ ဒဏ်ကြေးသဖွယ်ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများအား ရပ်ဆိုင်းကာ ဥပဒေနှင့်အညီ ပြန်လည် သုံးသပ်ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်းအဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မောင်သိမ်း(ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်း ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီဟာ လွှတ်တော်မှဖွဲ့စည်းတာဝန်ပေးအပ်ပြီးနောက် ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒကို သိနိုင်ဖို့ရာ ၁၇-၉-၂၀၁၁ ရက်နေ့ ရန်ကုန် ယုဇနဟိုတယ်မှာတစ်ကြိမ်၊ ၂၄-၉-၂၀၁၁ ရက်နေ့ ရန်ကုန် မြရိပ်ညိုဟိုတယ်မှာ တစ်ကြိမ်၊ ၂၂-၁၀-၂၀၁၁ ရက်နေ့ မကွေးမြို့ ကုန်သည်ကြီးများအသင်းရုံးတွင်တစ်ကြိမ်၊ ၄-၁၁-၂၀၁၁ ရက်နေ့ မန္တလေး Swan ဟိုတယ်မှာ တစ်ကြိမ်၊ စုစုပေါင်း ၄ ကြိမ်တိတိ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ စီးပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသော ပြည်သူများ၊ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့ပါတယ်။ ၎င်းတို့တင်ပြချက်များကို မှတ်သားလေ့လာပြီး တချို့ကို ချက်ချင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။တချို့ကို သက်ဆိုင်ရာဌာနအသီးသီးနဲ့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက် ပေးခဲ့ပါတယ်။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မီးရထားဝန်ကြီးဌာနမှ ဦးစီးဌာန

အကြီးအကဲများ၊ အရာရှိကြီးများနှင့်လည်းတွေ့ဆုံကာ ပြည်သူများရဲ့တင်ပြချက် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းယောင်းမြို့နယ်မှ ပိုလျှံစပါးရောင်းချခွင့်ပြုရေးနှင့်ပတ်သက်၍လည်း ကျိုင်းတုံမြို့တွင် ၂ ကြိမ်တိုင်တိုင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှာ သီပေါမဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဦးရဲထွန်းရဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ တင်ပြချက်အရ မပြေလည်နိုင်သေးဘူးလို့ နားလည်ခံစားရပါတယ်။ အပေါ်ပိုင်းမှာ ဘယ်လိုပင် ညှိနှိုင်းဆောင်ရွက်ပေးသော်လည်းပဲ အောက်ခြေမှာ မပြေလည်တာတွေက ရှိနေဆဲဖြစ်ပါတယ်။ စောစောက ဒေါ်တင်နွယ်ဦးရဲ့ တင်ပြချက်လည်း ဒီအတိုင်းပဲတွေ့ရှိရပါတယ်။ ကျွန်တော်တို့ကော်မတီကို အားကိုးတကြီးနဲ့ တွေ့ကြုံနေရသော အခက်အခဲများကို စာဖြင့်ရေးသား တင်ပြကြတာတွေလည်းရှိပါတယ်။ ထိုကဲ့သို့ ပြည်သူများရဲ့ တွေ့ကြုံခံစားမှုများကိုအခြေခံ၍ ကော်မတီရဲ့ကိုယ်စား ကျွန်တော်မှတင်ပြခြင်းဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တင်ပြမယ့်အဆိုပြုချက်က ယာဉ်အို၊ ယာဉ်ဟောင်းများအပ်နှံ၍ မော်တော်ယာဉ် တင်သွင်းခွင့်ပြုရာတွင် ကောက်ခံလျက်ရှိသော ယာယီမှတ်ပုံတင်ကိစ္စအား ပြန်လည်စဉ်းစားသုံးသပ်နိုင်ရန်အဆိုပြုတင်ပြခြင်းဖြစ်ပါတယ်။ မော်တော်ယာဉ်တင်သွင်းခွင့်နှင့်ပတ်သက်၍ စီးပွားရေးနှင့်ကူသန်းရောင်းဝယ်ရေးဝယ်ကြီးဌာနမှ မူဝါဒပိုင်းဆိုင်ရာ အရာရှိကြီးအား မေးမြန်းစုံစမ်းခဲ့ရာ မူလကကန့်သတ်ချက်များမရှိဘဲ လွတ်လပ်စွာ တင်သွင်းခွင့်ပြုခဲ့ကြောင်း လျှောက်ထားဆောင်ရွက်ရမည့်အချက်အလက်များကိုလည်း ထုတ်ပြန်ပေးခဲ့ကြောင်း သင်္ဘောသားများ၊ ဝန်ထမ်းများ ပြည်ပတွင် မိမိအစီအစဉ်ဖြင့် သွားရောက် အလုပ်လုပ်သူများအပါအဝင် ကားတင်ခွင့်ပြုခဲ့ကြောင်းသိရပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်ကလည်း ခွင့်ပြုပေးခဲ့ကြောင်းသိရပါတယ်။ ဈေးကွက်စီးပွားရေးစနစ်စတင်ကျင့်သုံးချိန်မှ စတင်၍ မော်တော်ယာဉ်များတင်သွင်းခွင့်ပြုရာတွင် ကုန်သွယ်မှုအတွက်ဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ဖြစ်စေ ပြုပြင်မည့်မော်တော်ယာဉ်များကို တင်သွင်းခွင့်ပြုခဲ့ပါတယ်။ ကားကြီးများ ၇ နှစ်၊ ပစ်ကတ်ယာဉ်များ ၅ နှစ်၊ ဆလွန်းဆီဒင်ယာဉ်များ ၃ နှစ်အတွင်း ထုတ်လုပ်သော ယာဉ်များဖြစ်ရမယ်လို့သာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကန့်သတ်ပေးခဲ့ပါတယ်။ ဘယ်မောင်းဖြစ်ရမည်ကန့်သတ်ချက်မပြုဘဲ ဘယ်မောင်းဖြစ်စေ၊ ညာမောင်းဖြစ်စေ မော်တော်ယာဉ်အားလုံးကို တင်သွင်းခွင့်ပြုခဲ့ပါတယ်။ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမမှာ ၁၄-၅-၁၉၉၆ ရက်နေ့ အစည်းအဝေးမှတ်တမ်းမှာ ဆုံးဖြတ်ခဲ့ကြောင်း သိရပါတယ်။ သို့သော်လည်း နောက်ပိုင်းမှာ အကန့်အသတ်များ များလာပြီး မော်တော်ယာဉ်

တင်သွင်းခွင့်သည် များစွာခက်ခဲလာခဲ့ပါတယ်။ ဘယ်မောင်းဖြစ်ရမည်ဟူ၍ ထပ်မံ၍ ကန့်သတ်ချက်များထွက်လာခဲ့ပါတယ်။ ယင်းအကန့်အသတ်များသည် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်ဖြင့် မဟုတ်ဘဲ နှုတ်မိန့်ဖြင့် ဆောင်ရွက်နေရတဲ့ အနေအထားမျိုးဖြစ်ကြောင်းတွေ့ရပါတယ်။ မိမိတို့နိုင်ငံမှာ နိုင်ငံပေါင်းစုံမှထုတ်လုပ်သော ကားမျိုးစုံရှိပါတယ်။ သို့သော်လည်း ယနေ့ ပြည်သူများ ကြိုက်နှစ်သက်သည်မှာ ဂျပန်နိုင်ငံလုပ်ကားဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှ ပြုပြင်ပြီးကားများသည် ဈေးသက်သာပြီး တရုတ်နိုင်ငံထုတ် ကားအသစ်ထက်ပိုပြီး အသုံးဝင်ပါတယ်။ သို့သော်လည်း ညာမောင်းဖြစ်နေသည့်အတွက် တင်သွင်းရာတွင် ကန့်သတ်ချက်များဖြင့် ငြိနေပါတယ်။ အိမ်နီးချင်းနိုင်ငံများကို လေ့လာကြည့်သောအခါ လက်ယာကပ်မောင်းနိုင်ငံရှိသလို လက်ဝဲကပ်မောင်းနိုင်ငံများလည်း အများအပြားရှိပါတယ်။ ၁၉၇၀ ပြည့်နှစ်က တစ်ကမ္ဘာလုံး လက်ယာကပ်မောင်းဖြစ်တော့မယ်ဆိုပြီးပြောင်းလဲကျင့်သုံးခဲ့တာလည်း ကျွန်တော်တို့အနေနဲ့ မှန်မမှန် ပြန်ပြီးလေ့လာရမယ့်အနေအထားမျိုးဖြစ်နေပါတယ်။ ဖြစ်စေချင်တာကတော့ လက်ဝဲမောင်းဖြစ်ရမည်ဆိုသော ကန့်သတ်ချက်ကို သုံးသပ်ပြီး ပြင်ဆင်ပေးသင့်ပါတယ်။ ကျွန်တော်တို့ ဒီကနေ့ လူနဲ့မဟုတ် မူဝါဒနှင့်အညီ ဖြစ်စေချင်ပါကြောင်းတင်ပြအပ်ပါတယ်။ မိမိနိုင်ငံအတွင်း ကုန်သယ်ယာဉ်ကြီးများ ပြည့်စုံလုံလောက်သောအဆင့်မရှိသေးခင် အာဆီယံစံနှုန်းသတ်မှတ်မှုကြောင့် သယ်ယူပို့ဆောင်ခစရိတ်တွေ နှစ်ဆတက်လာခဲ့ပါတယ်။ ကုန်ကျစရိတ်တွေ များလာသည့်အတွက် ကုန်ဈေးနှုန်းတွေလည်းထပ်ပြီးတော့ တက်လာခဲ့ပါတယ်။ အခက်အခဲကိုသာ အသိပေးတင်ပြခြင်းဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့မှာ ရေကြီးနစ်မြုပ်မှုကြောင့် မော်တော်ကားစက်ရုံများ နစ်နာဆုံးရှုံးမှုများရှိနေစဉ် စိတ်ဓာတ်မြှင့်တင်အားပေးသည့်အနေဖြင့် မော်တော်ကားပြပွဲကျင်းပပေးခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး အိန္ဒိယသို့သွားတဲ့ခရီးစဉ်မှာ ကျွန်တော်လည်းလိုက်ပါခဲ့ရပြီး ထိုင်းနိုင်ငံမှာပြုလုပ်တဲ့ ယင်းမော်တော်ကားပြပွဲကို ဝင်ရောက်ကြည့်ရှုလေ့လာခွင့်ရခဲ့ပါတယ်။ ပြပွဲတွင်မော်တော်ကားကုမ္ပဏီပေါင်း ၃၀ ကျော်ဝင်ရောက်ပြသကြပါတယ်။ ထိုင်းနိုင်ငံအခြေစိုက်ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသော ပြည်တွင်းပြည်ပဖက်စပ်ကုမ္ပဏီများဖြစ်ပါတယ်။ ယခုနှစ်ကားစီးရေ ၁၆ သိန်းရောင်းချမယ်လို့ခန့်မှန်းပြီး ပြည်ပသို့ ၈ သိန်း၊ ပြည်တွင်းမှာ ၈ သိန်း ဝယ်ယူအားရှိကြောင်းသိခဲ့ရပါတယ်။ တဖန်အိန္ဒိယကိုရောက်တဲ့အခါမှာလည်း မာရုတီစူဇူကီးကားစက်ရုံကိုရောက်ခဲ့ပါတယ်။ ၁၂ စက္ကန့်ကို ကားတစ်စီးနှုန်းထုတ်လုပ်နေသည်ကို အားကျဖွယ်ရာတွေ့ခဲ့ရပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ မိမိတို့မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံဖို့ဖိတ်ခေါ်တဲ့အခါ ကုမ္ပဏီရဲ့မူဝါဒအရ မြန်မာနိုင်ငံတွင် Myanmar Suzuki

ကုမ္ပဏီရှိပြီးဖြစ်၍ လာရောက်ရင်းနှီးမြှုပ်နှံ၍မရကြောင်း ပြန်လည်ရှင်းပြခဲ့ပါတယ်။ မှန်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ Myanmar Suzuki ကုမ္ပဏီဟာ ရင်းနှီးမြှုပ်နှံမှုရှိပြီးသားဖြစ်ပါတယ်။ သို့သော်လည်း နားမလည်နိုင်လောက်သောအခြေအနေမျိုးဖြင့် ကုမ္ပဏီသက်တမ်းတစ်ဝက်မှာ ရပ်ဆိုင်းပစ်ခဲ့ရပါတယ်။ ကားအငယ်စားများထုတ်လုပ်ရာမှာ Suzuki ကုမ္ပဏီသည်နာမည်ရပြီးသား Brand Text ဖြစ်ပါတယ်။ ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်နှင့်ပူးပေါင်းပြီး ရင်းနှီးမြှုပ်နှံမှုအသစ်ထပ်မံပြုလုပ်ရန် မျှော်လင့်နေဆဲဖြစ်ကြောင်းလည်းသိရပါတယ်။ စက်မှုဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းကိုသွားရာမှာ ယခုကဲ့သို့ Suzuki ကုမ္ပဏီကို အမြန်ဆုံးဦးစားပေး ခွင့်ပြုဆောင်ရွက်ပေးသင့်ကြောင်း တိုက်တွန်းတင်ပြအပ်ပါတယ်။ ဒါမှသာ မိမိပြည်တွင်းထုတ်ဘယ်မောင်းယာဉ်များထွက်ပေါ်လာမှာဖြစ်ပါတယ်။ မော်တော်ကားကိစ္စနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်သင့်တာတွေကို တင်ပြခဲ့ပြီးနောက် ယနေ့ အဓိကတင်ပြလိုသည့် ယာဉ်အိုး၊ ယာဉ်ဟောင်းများအပ်နှံ၍ မော်တော်ယာဉ်တင်သွင်းခွင့်ပြုရာတွင် ကောက်ခံလျက်ရှိသော ယာယီမှတ်ပုံတင်ခကိစ္စအား ဆက်လက်တင်ပြမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးရှိခြင်းငှာရည်မှန်းလျက် ယခင်ကခက်ခဲနေသော ပြည်ပမှမော်တော်ယာဉ်တင်သွင်းခွင့်ကို ၁၁-၉-၂၀၁၁ ရက်နေ့မှစတင်ကြော်ငြာလျက် ယာဉ်အိုး၊ ယာဉ်ဟောင်းများအပ်နှံ၍ တင်သွင်းခွင့်ပြုခြင်းနှင့်စတင်ခဲ့ရာ ပြည်သူအတွက် ပိတ်ဆို့နေသော အရာများအနက်တစ်ခုကို ဖွင့်လှစ်လိုက်သကဲ့သို့ ဖြစ်သောကြောင့် ကြိုဆိုရမှာဖြစ်ပါတယ်။ စဉ်းစားဆောင်ရွက်ပေးသူ မီးရထားဝန်ကြီး၊ စက်မှုဝန်ကြီး၊ စီးပွားကူးသန်းဝန်ကြီး၊ ဘဏ္ဍာအခွန်ဝန်ကြီးများကိုလည်း ကျေးဇူးတင်ပါတယ်။ ခွင့်ပြုပေးသူသမ္မတကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ သို့ရာတွင် ယာဉ်အိုး၊ ယာဉ်ဟောင်းများအပ်နှံ၍ တင်သွင်းခွင့်ပါမစ်အသစ်ရယူပြီး တင်သွင်းကြသူတို့မှာ မူလကားကဲ့သို့ အိမ်သုံးကားတစ်စီးပြန်မသုံးနိုင်သောအခြေအနေသို့ ရောက်ခဲ့ကြသည့်အတွက် အစိုးရ၏ရည်မှန်းချက်စေတနာနှင့် ရလဒ်ပိုင်းမှာကိုက်ညီမှုမရှိကြောင်းတွေ့ရှိရပါတယ်။ ဤသို့ဖြစ်ရခြင်းမှာ မြေပြင်သတင်းအခြေအနေအရ ကုန်သွယ်ခွန်၊ အကောက်ခွန်ကဏ္ဍပေးဆောင်ရသောအပိုင်းနှင့် ပြည်သူတို့ လက်ခံကြသော်လည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအပိုင်း၌ ယာယီယာဉ်မှတ်ပုံတင်ခဟုဆိုသော မူလကုန်သွယ်ဆိပ်ကမ်းအရောက် CIF တန်ဖိုးအပေါ်မှာ ၁၀၀ ရာခိုင်နှုန်းအထိ ကောက်ခံနေခြင်းကို ဥပဒေအချင်းအရာအရ ညီညွတ်မျှတမှုမရှိကြောင်း ပြောဆိုလာကြပါတယ်။ ဤကော်မတီ၏ လေ့လာတွေ့ရှိချက်အရ ကညနဦ ယာဉ်မှတ်ပုံတင်ခကို ယာဉ်အမျိုးအစားအလိုက် ၁၀၀ ရာခိုင်နှုန်းအထိကောက်ခံနေ

ခြင်းသည် ယာဉ်ပိုင်ရှင်အား ဒဏ်ကြေးပေးဆောင်စေသော သဘောသက်ရောက်နေပါတယ်။ ယာဉ်မှတ်ပုံတင်ကြေးဆိုင်ရာ ဒဏ်ကြေးဆိုသည်မှာ ယခင်က လိုင်စင်မဲ့ကား၊ မော်တော်ဆိုင်ကယ်များကိုသာ ဒဏ်ရိုက်ပြီးမှတ်ပုံတင်ခဲ့သည့် သမိုင်းကြောင်းရှိခဲ့ပါတယ်။ ဒဏ်ကြေးပေးဆောင်ရသူက ကျေနပ်သည့်တိုင်အောင် နိုင်ငံတော်၌ အခွန်အခများစွာရရှိရေးသည် အဓိကရည်မှန်းချက်မဟုတ်ခဲ့ပါ။ ယခု ယာဉ်အို၊ ယာဉ်ဟောင်းအပ်နှံသူသည် ယာဉ်ကိုသက်တမ်းတိုးပြီးမှအပ်နှံရ၍ လိုင်စင်မဲ့ယာဉ်မဖြစ်သည်သာမက သက်တမ်းမဲ့ယာဉ်လည်းမဟုတ်ပါဘူး။ ၎င်းအပြင် Running Connection ဖြင့် သံရည်ကြိုစက်ရုံထိကို မောင်းပြီးတော့ပို့ရပါတယ်။ ဒါကြောင့် ၎င်းမှာ ဒဏ်ဆောင်ထိုက်သော ကြီးမားသည့်အားနည်းချက်မရှိပါ။ အကယ်၍အပ်နှံသော ကားအမျိုးအစား မော်ဒယ်တိုက်ရိုက်မဟုတ်ဘဲ အခြား နှစ်သက်ရာယာဉ်တံဆိပ်ကိုပြောင်းလဲတင်သွင်း၍ ဒဏ်ရိုက်သင့်သည်ဆိုသော်မှ ယာယီယာဉ်မှတ်ပုံတင်ခဒဏ်ကြေးအတွက်ပြောင်းလဲသင့်သော အခြေခံတန်ဖိုးသည် ဥပဒေစာသားအရ ကနဦးမှတ်ပုံတင်ခြင်း သို့မဟုတ် နှစ်လဲမှတ်ပုံတင်ခြင်းတစ်ရပ်ရပ်သာဖြစ်သင့်ပါသည်။ ကုန်သွယ်ရေး၊ အကောက်ခွန်လုပ်ငန်းဆိုင်ရာဖြစ်သော မူလသွင်းကုန်ဆိပ်ကမ်းရောက်တန်ဖိုးကို အခြေမခံသင့်ပါ။ တဖန် ယာဉ်သယ်ယူရွှေ့ပြောင်းရေး အစီအမံတွင် ဆိပ်ကမ်းမှ အရောင်းပြခန်းသို့ ကြီးကြပ်ရေးကော်မတီ၏သတ်မှတ်ကြီးကြပ်မှုဖြင့် သယ်ဆောင်ရမှာဖြစ်ပြီး အရောင်းပြခန်းမှ ကညနရုံးသို့ သတ်မှတ်လမ်းကြောင်းမှ ယာယီမောင်းနှင်နိုင်ရန်ဖြစ်သည့်အတွက် ထိုအခိုက်အတန့်နေရာတွင် ဥပဒေအရယာယီမှတ်ပုံတင်ရန်လိုအပ်ပါသည်။ သို့ရာတွင် လက်တွေ့၌ ယာဉ်ပိုင်ရှင်၏ဆန္ဒအရ မဟုတ်ဘဲ ကညနပိုင်း၏မှတ်တမ်းရေးသားထုတ်ပေးနိုင်မှု ကြာကာလအတွက် ယာယီမှတ်ပုံတင်ဖြင့် အများပြည်သူဆိုင်ရာလမ်းပေါ်တွင် လိုင်စင်ကိစ္စပြီးပြတ်သည်အထိ မောင်းနှင်စေရန် ညွှန်ကြားထားသည့်သဘောဖြစ်ပါသည်။ ဤသဘောတရားအပေါ်တွင် ဌာန၏လိုအပ်ချက်အတွက် စောင့်ဆိုင်းစေသည့်ကာလကို ပြည်သူကဒဏ်ကြေးပေးနေရသည့်သဖွယ် ပေါ်လွင်လာပါတယ်။ သို့ဖြစ်ပါသောကြောင့် ကညနအပါအဝင် မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများအား တင်ပြပါ ယာယီမှတ်ပုံတင်ခအား လိုင်စင်မဲ့တရားမဝင်ယာဉ်များကဲ့သို့ ဒဏ်ကြေးသဖွယ်ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများအားရပ်ဆိုင်းကာ ဥပဒေနှင့်အညီ ပြန်လည်သုံးသပ်ဆောင်ရွက်ပါရန် တိုက်တွန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တင်ပြအဆိုပြုချက်ကို နားလည်လိုက်တာက အခုနောက်ဆုံးတင်ပြတဲ့ ယာယီမှတ်ပုံတင်ခကို လိုင်စင်မဲ့တရားမဝင်ယာဉ်များကဲ့သို့ ဒဏ်ကြေးသဖွယ်ကျင့်သုံးနေသည့် လုပ်ထုံး

လုပ်နည်းများရပ်ဆိုင်းကာ ဥပဒေနှင့်အညီပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်း တင်မကဘဲနဲ့ မော်တော်ယာဥ်များတင်သွင်းတဲ့ ဥပဒေ၊ နည်းဥပဒေဆိုင်ရာကိစ္စရပ်များ၊ တဖန် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ သဘောကတော့မိမိနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံပြီး ပူးပေါင်း၍ မော်တော်ကား သို့မဟုတ် စက်မှုလုပ်ငန်းထူထောင်တဲ့ လုပ်ငန်းများနှင့်သက်ဆိုင်တဲ့ကိစ္စများ၊ နောက် ဘဏ္ဍာအခွန်နဲ့ဆိုင်တဲ့ ကိစ္စရပ်များပါဝင်နေကြောင်း ကြားသိရပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနှင့် ပတ်သက်ပြီးတော့ ပြန်လည်နားထောင်ဖြေရှင်းနိုင်ဖို့အတွက်လည်း သက်ဆိုင်ရာဝန်ကြီး ဒီအခန်း အတွင်းရောက်ရှိနေကြောင်းလည်းသိရပါတယ်။ ဒီအဆိုအပေါ်မှာ သက်ဆိုင်ရာကော်မတီများနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများဖြင့် လွှတ်တော်ကိုတိုက်ရိုက်တင်ပြခြင်းမပြုမီ ညှိနှိုင်း ဆွေးနွေးဆုံးဖြတ်သင့်တယ်လို့ယူဆပါတယ်။ ဒါကြောင့်မို့လို့ ယခုတင်ပြတဲ့အဆိုကို လွှတ်တော် မတင်ပြမီ သက်ဆိုင်ရာကော်မတီများနှင့် သက်ဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများဖြင့် ကြိုတင် ညှိနှိုင်ပြီးမှ ညှိနှိုင်းလို့မရနိုင်တဲ့ကိစ္စများကို လွှတ်တော်သို့တင်ပြအဆုံးအဖြတ်ခံယူတာသင့်မယ်လို့ မိမိ ဥက္ကဋ္ဌယူဆတဲ့အတွက် ဒီအစီအစဥ်ကို ဒီမှာရပ်ဆိုင်းပြီး သက်ဆိုင်ရာကော်မတီများနှင့် သက်ဆိုင်ရာ တာဝန်ရှိဝန်ကြီးဌာနများနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားဖို့ ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီ၏ The Arbitration(Protocol and Convention) Act (Act No.VI,1937) ( 19th January,1937)ကို ပြင်ဆင်ရန် အဆို တင်သွင်းခြင်းနှင့်လက်ခံဆွေးနွေးရန် သင့်၊ မသင့်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။အစီအစဥ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး တရားစီရင်ရေးနှင့်ဥပဒေရေးဆိုင်ရာကော်မတီက The Arbitration(Protocol and Convention) Act (Act No. VI,1937) ( 19th January, 1937)ကိုပြင်ဆင်ရန် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ဥက္ကဋ္ဌ၊ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီ)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ ကာယစိတ္တသုခအဖြာဖြာနှင့်ပြည့်ဝကြပါစေလို့ လေးစားစွာဆုမွန်ပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို ဖြစ်ပါ တယ်။ ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးဆိုင်ရာကော်မတီရဲ့ကိုယ်စား ကျွန်တော်

တင်သွင်းမှာကတော့ အနည့ာတစီရင်ဆုံးဖြတ်ခြင်းနဲ့သက်ဆိုင်တဲ့ The Arbitration(Protocol and Convention) ဥပဒေအစား ခေတ်နှင့်လျော်ညီတဲ့ဥပဒေအသစ်တစ်ရပ်ရေးဆွဲပြဋ္ဌာန်းသင့်ကြောင်း အဆိုဖြစ်ပါတယ်။ အနည့ာတစီရင်ဆုံးဖြတ်ခြင်းနဲ့ပတ်သက်ပြီးတော့မှ အဲ့ဒီဥပဒေက ကျွန်တော်တို့ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ ဗြိတိသျှလက်အောက်ခံဘဝက လက်မှတ်ရေးထိုးခဲ့တဲ့ Geneva Protocol 1923; Protocol on Arbitration Clauses Signed at a Meeting of the Assembly of the League of Nations Held on the Twenty-Fourth Day of September, Nineteen Hundred and Twenty-Three နှင့် Geneva Convention, 1927; Covention on the Execution of Foregin Arbitral Award Signed at Geneva on the Twenty- Sixth Day of September, Nineteen Hundred and Twenty-Seven တို့ကို ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်မှာ အကောင်အထည်ဖော်ကျင့်သုံးနိုင်ရန်အတွက် The Arbitration(Protocol and Convention) Act,1937 ကိုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမပေါ်ပေါက်မီ နိုင်ငံပေါင်းချုပ် အသင်းကြီးလက်ထက်မှာပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂကြီး လက်ထက် ၁၉၅၈ ခုနှစ်မှာ New York Convention; the United Nations Convention on the Recognition and Enforcement of Foreign Arbitral Award Adopted on 10 June 1958 ကိုပြဋ္ဌာန်းခဲ့ရာ အဲ့ဒီအချိန်ကစပြီးတော့မှ Geneva Convention မှာ အသုံးပြုမှုနည်းပါးသွားခဲ့ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ASEAN ၁၀ နိုင်ငံအနက် မြန်မာနိုင်ငံမှတစ်ပါး ကျန် ၉ နိုင်ငံလုံးကလည်း အသစ်ပြဋ္ဌာန်း လိုက်တဲ့ New York Convention မှာလက်မှတ်ရေးထိုးပြီးတော့မှ ဆက်နွယ်နေတဲ့ လုပ်ငန်းများကို အကောင်အထည်ဖော်နေကြကြောင်းလည်းသိရှိရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ အနေဖြင့် New York Convention တွင်လက်မှတ်ရေးထိုးပြီးတော့မှ ဆက်နွယ်နေတဲ့လုပ်ငန်းများ ချောမွေ့စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက်ကို ခေတ်နှင့်လျော်ညီတဲ့ ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်း သင့်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးဌေးမောင်(ဆောမဲဆန္ဒနယ်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

သူရဦးအောင်ကိုတင်သွင်းသွားတဲ့ The Arbitration(Protocol and Convention) Act (Act No. VI,1937) ( 19th January, 1937) ကိုပြင်ဆင်ရန်အဆိုကို ထောက်ခံကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။ (ကြိဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီကတင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ်တစ်ဦးကထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံ ဆွေးနွေးရန်သင့်၊မသင့်လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီ ကတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

**[**သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော် ကသဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီက တင်သွင်းတဲ့ အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောမတူသူမရှိတဲ့အတွက် လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ကြိဘာသံများ)

## တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီကတင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာ ကော်မတီကတင်သွင်းတဲ့အဆိုကိုဆွေးနွေးမယ့်ရက်ကိုထပ်မံကြေညာပါမယ်။ ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန်ဖြစ်ပါတယ်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေးနဝမနေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်သူ့လွှတ်တော်တတိယ ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်း အဝေး နဝမနေ့ ကျင်းပမယ့်ရက်ကိုထပ်မံကြေညာမှာဖြစ်ပါတယ်။

**အချိန်၊ ၁၂ း ၅၅ ။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ကိုယ်စားလှယ်တော်ကြီးများအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[** ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၂ း ၅၅ နာရီ တွင် ရပ်နားပါသည်။**]**